# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၇၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း အစည်းအဝေးကို ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ တက်ရောက်သည့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၇၇ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၅၂ ဦးရှိပါတယ်ခင်ဗျား။ ခွင့်ပန်ကြားသူ ၅၂ ဦးအနက် ၂၄ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြား သူ ၂၈ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၃) ကန့်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၅) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၆) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၇) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၈) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၉) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၁ ရက်၊

(၁၀) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၁၁) သထုံမဲဆန္ဒနယ် ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၁၂) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၁၃) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁ ရက်၊

(၁၆) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၁၇) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၁၈) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၉) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၂၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၂၁) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၂၂) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၂၃) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၂၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဝင်းနိုင် ခွင့် ၁ ရက်၊

(၂၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၂၇) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်နှင့်

(၂၈) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူ ၂၈ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၈ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ ။** ။ လွှတ်တက်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို လာရောက်လေ့လာတဲ့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်တဲ့ အဖွဲ့ဝင် ၁၁ ဦး၊ International School of Myanmar မှ Mr နစ် ဦးဆောင်သော ဆရာ ဆရာမ ၉ ဦး၊ ကျောင်းသား ကျောင်းသူ ၉၁ ဦး၊ စုစုပေါင်း ၁၀၀ ဦး၊ ကျောက်တံတားမြို့နယ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးခင်မောင် ဦးဆောင်သော အဖွဲ့ဝင် ၁၀၆ ဦး၊ စုစုပေါင်းလေ့လာသူ ၂၁၇ ဦး လေ့လာလျက်ရှိကြောင်း လွှတ်တော်ကို အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင် ဆောင်ရွက်ပါမယ်။

**ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်း အာမခံမှု (Minimum Purchase Guarantee Price) ကို ဈေးကွက်စီးပွားရေး မူဘောင်အတွင်းမှ နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင် ဦးဝင်းသန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ တင်သွင်းမယ့် မေးခွန်းဟာ မဲဆန္ဒနယ် တစ်ခု၊ နှစ်ခုအတွက်သာမကဘဲ တစ်နိုင်ငံလုံးလွှမ်းခြုံစေမယ့် မေးခွန်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံး လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလူဦးရေရဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းပေါ်ပေါက်ရတဲ့ အကြောင်းအရင်းကို အတိုချုပ်နှစ်ချက်လောက် တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာပေကျမ်းဂန်လာအဆိုအရ ကမ္ဘာဦးလူတို့စတင်ရာမှာ မိမိခြေထောက်အောက်က မြေဆီကို အသင့်စားသုံးနိုင်သည်လို့ ဆိုပါတယ်။ အဲဒီနောက် ပဒေသာပင်ကို အဆင်သင့်စာသုံးနိုင်သည်လို့ ဆိုပါတယ်။ ဒီနောက်မှာ လူသားတို့ရဲ့အတ္တ၊ မာန်မာန၊ ကိလေသာကြီးထွားလာမှုကြောင့် နောက်ပိုင်းမှာတော့ မိမိတို့ရဲ့ရိက္ခာကို ခက်ခက်ခဲခဲပင်ပင်ပန်းပန်း စိုက်ပျိုးကြိတ်ခွဲချက်ပြုတ်ပြီးမှသာ စားသောက်လို့ ရတယ်လို့ အဆိုရှိပါတယ်။ အဲ့ဒီနေရာတွေမှာ ဒီရိက္ခာတွေကို ဖြည့်တင်းပေးတဲ့ သူတွေဟာ ကမ္ဘာဦးကတည်းက ကျေးဇူးရှင်နေရာအဖြစ်ကို ရောက်ရှိလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့မှာ

ဒီလို ကျေးဇူးရှိတဲ့သူတွေဟာ ကျန်တဲ့လူသားအားလုံးနဲ့ ကံဇာတာ လိပ်ပြာမြင့်တယ်လို့ ဆိုကြပါတယ်။ ဒီလို ကံဇာတာလိပ်ပြာမြင့်တဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို အားပေးအားမြှောက်ပြုနေတဲ့နိုင်ငံတွေ ဟာလည်း ဒီနေ့ ကြီးပွားချမ်းသာနေကြတယ်လို့ အဆိုရှိပါတယ်။ အရှေ့ဖျားက ပစိဖိတ်ဒေသက နိုင်ငံတချို့ဆိုရင် ဆန်မစားတာတောင်မှ ဆန်စိုက်တာ သူတို့အကြောင်းပြချက်ကတော့ အရေး အကြောင်းကျရင် သူတို့လူသားတွေဟာ သူတို့တိုင်းပြည်က လူတွေဟာ ဆန်မစိုက်တတ်တော့မှာစိုးလို့ ကို အစိုးရက စိုက်ထုတ်ပြီးတော့ စိုက်ခိုင်းတယ်လို့ပဲ ကျွန်တော်တို့ မှတ်သားမိပါတယ်။ ဒါက ပထမတစ်ချက်ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ရဲ့ အဆိုတစ်ခုဟာ အတည်ပြုပြီး တော့ အောင်ခဲ့ပါတယ်။ အဆိုကတော့ ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန် ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimum Purchase Guarantee Price)ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေးအဆိုဟာ အတည်ပြုအဆိုဖြစ်ခဲ့ပါတယ်။ အထက်ပါအဆိုကို မပြီးပြတ်သေးသော လွှတ်တော်ဆိုင်ရာလုပ်ငန်းအဖြစ် ပြည်သူ့လွှတ်တော်အစိုးရ၏ အာခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက စိစစ်ချက်အရ စီးပွားရေးနဲ့ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်အရန်ဆန်ထားရှိရေး ကော်မတီနှင့်ညှိနှိုင်းချက် တင်ဒါ စနစ်ဖြင့် အောက်ပါအတိုင်းဝယ်ယူရန် တင်ဒါအောင်မြင်ကြောင်း ပြန်ကြားချက်ရရှိပါတယ်။ ဒီပြန်ကြားချက်ကိုလည်း ယခု ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ကော်မတီရဲ့အစီရင်ခံစာတင်သွင်းပြီး ဖြစ်ပါတယ်။ အစီရင်ခံစာပြန်ကြားချက်အရ (၁) ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွက် ရန်ကုန်တိုင်း ဒေသကြီးတွင် ဆန်တန်ချိန် ၆၈၀၀၊ (၂) ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းမှာပဲ ဧရာဝတီတိုင်း ဒေသကြီးမှာ ဆန်တန်ချိန် ၂၈၀၀၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွက် တန်ချိန် ၂၀၀၀၀၊ ၂၀၁၃ ခုနှစ် ယခု ဇန်နဝါရီလအတွက် တန်ချိန် ၁၀၀၀၀ တို့ကို ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေးနှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့မှာ တင်ဒါခေါ်ယူပေးရန် စီစဉ်ထားကြောင်း ပြန်ကြားချက်တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ အဆိုအတည်ဖြစ်ခဲ့တဲ့ အဓိကအကြောင်းအရာဖြစ်တဲ့ ကာလဒေသအလိုက်၊ သီးနှံ အမျိုးအစားအလိုက်၊ အနိမ့်ဆုံးဈေးနှုန်းအခြေခံအာမခံမှုနှင့်ပတ်သက်လို့ ထိရောက်တဲ့ အကောင် အထည်ဖော်မှုကို မတွေ့ရတဲ့အတွက် ဒီနေ့ မေးခွန်းကို တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်

မေးမြန်းလိုသည့် ကြယ်ပွင့်ပြမေးခွန်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇-၉-၂၀၁၁ ရက်နေ့၌ အတည်ဖြစ်ခဲ့သော ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်၏ ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimum Purchase Guarantee Price) တစ်နည်းအားဖြင့် (Basic Guarantee Price)ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေးအဆိုနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက လက်ရှိမည်သို့ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ယခုလို တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများထဲမှာ ပမာဏအများဆုံးဖြစ်ပြီး ပြည်သူအားလုံး စားသုံးတဲ့ အဓိကစားနပ်ရိက္ခာ (Staple Food) ဖြစ်တဲ့ ဆန်စပါး ကဏ္ဍနဲ့ ပတ်သက်ပြီး ဦးစွာတင်ပြလိုပါတယ်။ ဆန်စပါးလုပ်ငန်းကို အစိုးရက တိုက်ရိုက်ရောင်းဝယ်ခြင်း မပြုတော့တဲ့အတွက် ယခင်က ရှိခဲ့တဲ့ နိုင်ငံပိုင်ဆန်စက် ၆၉ လုံး၊ ဖွဲနုဆီစက် ၁၈ လုံး၊ သိုလှောင်ရုံ ၁၉၆၅ လုံးကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဆန်စပါးလုပ်ငန်းနှင့်ပတ်သက်လို့ အစိုးရက တိုက်ရိုက်ရောင်းဝယ်ခြင်းမပြုဘဲ ပုဂ္ဂလိက ကဏ္ဍကို လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့် ပြုထားခဲ့ပေမယ့်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်းစီးဆင်းမှု၊ ပြည်ပသို့ တင်ပို့ရောင်းချမှု၊ ဈေးနှုန်း အခြေအနေနဲ့ ဈေးကွက်ဖြစ်ပေါ်မှုများကို မျက်ခြေပြတ်မခံဘဲ မပြတ်လေ့လာ သုံးသပ်စိစစ်ဆောင်ရွက်

ပေးလျက်ရှိပါတယ်။ အထူးသဖြင့် တောင်သူလယ်သမားများရဲ့ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အပေါ် အကျိုးအမြတ်ရရှိမှုအခြေအနေ၊ တစ်ဖက်ကလည်း စားသုံးသူပြည်သူအများစုအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ပေါ်စေတဲ့ ဈေးနှုန်းဖြစ်ပေါ်နိုင်တဲ့ အခြေအနေများကို စိစစ်သုံးသပ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အောက်မှာရှိတဲ့ ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ် အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းကာလမှာ တောင်သူလယ်သမားများစိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများ ဈေးနှုန်းအထိုက်အလျောက်ပိုမိုရရှိဖို့နဲ့ ပြည်ပတင်ပို့မှု လုပ်ငန်းများအရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ဖို့အတွက် ဆန်စပါးအပါအဝင် လယ်ယာထွက် ပို့ကုန်သီးနှံများ ပြည်ပတင်ပို့ရာမှာ ယခင်က ကောက်ခံခဲ့တဲ့ ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်းကို ကင်းလွတ်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါ့အပြင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနဲ့ လယ်ယာသုံးစက်ကိရိယာများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းထုတ်လုပ်ခြင်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမပြုဘဲ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါ့အပြင် ကုန်ပစ္စည်းအရည်အသွေးကောင်းမှ ဈေးကောင်းရနိုင်မှာ ဖြစ်လို့ဆန်စပါးကြိတ်ခွဲတင်ပို့ရောင်းချမှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့နှင့် အရည်အသွေးမြင့်မားတဲ့ ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် ကမ္ဘာ့အဆင့်မီဆန်စက်နှင့် ဆန်စက်ပစ္စည်း အစိတ်အပိုင်းများပိုမိုပြီးတင်သွင်းနိုင်ရေးကို ပံ့ပိုးကူညီအားပေးတဲ့အနေနဲ့ ဆန်စက်နှင့် ဆန်စက်အစိတ်အပိုင်းများကို လယ်ယာကဏ္ဍနှင့် သက်ဆိုင်တဲ့စက်ကိရိယာအဖြစ် သတ်မှတ်ပြီး အခွန်အခကင်းလွတ်ခွင့်ရအောင် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ပါတယ်။

လယ်ယာထွက်သီးနှံများအပါအဝင် ကုန်ပစ္စည်းများအားလုံးရဲ့ ဈေးနှုန်းဖြစ်ပေါ်မှုဟာဈေးကွက်စီးပွားရေးပုံစံနဲ့သွားနေတာဖြစ်တဲ့အတွက်လည်း ကမ္ဘာ့ဈေးနှုန်းများ ပြောင်းလဲဖြစ်ပေါ်မှုနှင့်အညီ ကျွန်တော်တို့ နိုင်ငံအနေနဲ့ လိုက်ပါပြောင်းလဲနေမှာ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ ဖြစ်ပေါ်လာတဲ့ကမ္ဘာ့ငွေကြေးအကြပ်အတည်း ယခင်နှစ်က ဖြစ်ပေါ်ခဲ့တဲ့ ဥရောပတိုက် ကြွေးမြီပြဿနာများကြောင့်ကမ္ဘာ့စီးပွားရေးကျဆင်းခဲ့တဲ့အတွက် လယ်ယာထွက်ကုန်သီးနှံများရဲ့ ဈေးနှုန်းများလည်း ကျဆင်းခဲ့ရပါတယ်။ ဥပမာပြရရင် ကမ္ဘာမှာ ဆန် ဒုတိယအများဆုံးတင်ပို့တဲ့ ဗီယက်နမ်နိုင်ငံရဲ့ ဧည့်မထ ၂၅ မတ်ဆန်တစ်တန် ပျမ်းမျှဈေးနှုန်း ဟာ ၂၀၁၁ ခုနှစ်မှာ ၄၆၅ ဒေါ်လာ၊ ၂၀၁၂ ခုနှစ်မှာ ၃၉၅ ဒေါ်လာနှင့်ယခု ၂၀၁၃ ခုနှစ်မှာ ၃၈၅ ဒေါ်လာအထိ တစ်နှစ်ပြီး တစ်နှစ်ကျဆင်းနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဧည့်မထ ၂၅ မတ်ဆန်တစ်တန်ပျမ်းမျှဈေးနှုန်းများကို ကြည့်ရင်လည်း ၂၀၁၁

ခုနှစ်မှာ ၃၉၁ ဒေါ်လာ၊ ၂၀၁၂ ခုနှစ်မှာ ၃၄၃ ဒေါ်လာနှင့် ယခု ၂၀၁၃ ခုနှစ်မှာ ၃၃၀ ဒေါ်လာအထိ ကျဆင်းခဲ့တာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း မေးမြန်းထားတဲ့ ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimum Purchase Guarantee Price) ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးအဆိုနှင့်စပ်လျဉ်းပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိရှိလိုသော မေးခွန်းကို ဆက်လက် တင်ပြရမယ်ဆိုရင် အနိမ့်ဆုံးဈေးနှုန်းအာမခံမှု သတ်မှတ်ပေးရာတွင် အဓိကကျတဲ့ အချက် ၂ ချက်ရှိပါ တယ်။ ပထမအချက်ကတော့ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimum Purchase Guarantee Price) သတ်မှတ်ခြင်းအားဖြင့် စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများက စိုက်ပျိုးစရိတ် (Production Cost) ကာမိပြီးတော့ ထိုက်သင့်တဲ့ အကျိုးအမြတ်ရမှာ ဖြစ်တဲ့အတွက် သီးနှံကို စိတ်ဝင်တစား ပိုမိုတိုးချဲ့စိုက်ပျိုးလိုစိတ်များ ဖြစ်ပေါ်လာခြင်းဖြင့် သီးနှံထုတ်လုပ်မှုနှင့် တောင်သူများရဲ့ လူမှုစီးပွားရေးဘဝတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ သီးနှံများရဲ့ ဈေးနှုန်းများ သင့်တင့်မျှတစွာတည်ငြိမ်မှု (Price Stability) ဖြစ်ပေါ်နေစေဖို့ တစ်နည်းအားဖြင့် အများစားသုံးတဲ့ အဓိကသီးနှံဖြစ်လို့ စားသုံးသူပြည်သူလူထုအတွက် သင့်တင့်မျှတတဲ့ ဈေးနှုန်းရှိနေစေရန်ဆိုတာကို လည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဆန်စပါးအများအပြားထုတ်လုပ်ပြီး ပြည်ပတင်ပို့ရောင်းချတဲ့ နိုင်ငံအချို့ရဲ့ အခြေအနေကို အနည်းငယ်တင်ပြခွင့်ပြုပါ။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ စပါး စိုက်ပျိုးတဲ့ လယ်သမားတွေအတွက် ဈေးနှုန်းထောက်ပံ့မှုအစီအစဉ်ကို ကျင့်သုံးလျက်ရှိပြီး ထောက်ပံ့ တဲ့ဈေးနှုန်းဟာ ဈေးကွက်ပေါက်ဈေးနှင့် ဆက်စပ်ပြီး သတ်မှတ်လေ့ရှိကြောင်း တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အစိုးရသိုလှောင်ရုံ အဖွဲ့အစည်း (Public Warehouse Organization-PWO) မှတစ်ဆင့် လယ်သမားများဆီက အပေါင်ခံဝယ်ယူပေးလျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ စပါးအပေါင်ခံတဲ့ ဈေးနှုန်းကို တိုးမြှင့်သတ်မှတ်ပေးခဲ့တာကြောင့် လယ်သမားများရဲ့ အပေါင်ခံတဲ့စပါးတန်ချိန်လည်း အဆပေါင်း များစွာ မြင့်တက်လာခဲ့ရပါတယ်။ စပါးအပေါင်ခံဈေးနှုန်းမြင့်တက်မှုကြောင့် ထိုင်းဆန်များ ပြည်ပ တင်ပို့မည့် FOB ဈေးနှုန်းမှာ ကမ္ဘာ့ဈေးကွက်ပေါက်ဈေးနှုန်းထက် မြင့်နေတဲ့အတွက် တွက်ခြေကိုက်မှု

မရှိဘဲ ယခုနှစ်မှ တင်ပို့မှုများစွာ လျော့နည်းခဲ့ရပါတယ်။ ကမ္ဘာ့ဆန်တင်ပို့မှုမှာ ပထမအဆင့်နဲ့ နှစ်ကာလကြာရှည်စွာ ရပ်တည်ခဲ့တဲ့ ထိုင်းနိုင်ငံဟာ ၂၀၁၂ ခုနှစ်မှာ တတိယနေရာသို့ ဆင်းပေးခဲ့ရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ တောင်သူတွေရဲ့ ဝင်ငွေမြင့်မားရန် အစီအစဉ်နဲ့ စပါးအပေါင်ခံမှုမှာ ထုတ်လုပ်မှုပမာဏ ဆန်တန်ချိန် ၃၁.၆၀ သန်းအနက် ၆၈ ရာခိုင်နှုန်းဖြစ်တဲ့ တန်ချိန် ၂၁.၅ သန်းအထိ အပေါင်ခံခဲ့ပါတယ်။ စပါးအပေါင်ခံအစီအစဉ်အသစ်ကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ သုံးစွဲခဲ့တဲ့ငွေဟာ ထိုင်းအစိုးရအနေနဲ့ ဒေါ်လာ ၁၀.၄ ဘီလီယံခန့် ရှိပါတယ်။ ပြန်လည်ရောင်းချရာက ရရှိနိုင်မည့်ငွေမှာ ဒေါ်လာ ၇.၁၅ ဘီလီယံခန့်သာ ဖြစ်တဲ့အတွက် အရှုံးခံရမှုဟာ အမေရိကန်ဒေါ်လာ ၃.၂၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းခန့် ဖြစ်ခဲ့ကြောင်း သတင်းများအရ သိရှိရပါတယ်။ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်မှာ အစိုးရသိုလှောင်ရုံအဖွဲ့အစည်း (Public Warehouse Organization-PWO)ကို ဥပဒေပြဋ္ဌာန်းဖွဲ့စည်းထားရှိပြီး ထိုအဖွဲ့အစည်းမှ စပါးအပေါင်ခံသောစနစ် (Paddy Pleding System) ဖြင့် အနိမ့်ဆုံးစပါးဈေးနှုန်း သတ်မှတ်မှုကို ဆောင်ရွက်လျက်ရှိပါတယ်။ ဗီယက်နမ်နိုင်ငံမှာဆိုရင် ဆန်စပါးမူဝါဒကို ၅ နှစ်တစ်ကြိမ် ပြောင်းလဲကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံပိုင် ဗီယက်နမ်စားနပ်ရိက္ခာအဖွဲ့ (Vietnam Food Association) ဟာ ဆန်စပါးလုပ်ငန်းနှင့်ပတ်သက်ပြီး ပြည်တွင်းမှာ ဆန်ဈေးကွက်တည်ငြိမ်ရန် ဆောင်ရွက်ရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ တောင်သူများ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်၏ ၃၀ ရာခိုင်နှုန်းကို ထပ်ဆောင်း၍ အနိမ့်ဆုံးဈေးနှုန်းအာမခံချက် (Minimum Purchase Guarantee Price) အဖြစ် နိုင်ငံပိုင်ဗီယက်နမ်စားနပ်ရိက္ခာအဖွဲ့ (Vietnam Food Association)မှ ကာလအလိုက်ဈေးနှုန်းကြိုတင်အသိပေးသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

အိမ်နီးချင်းအိန္ဒိယနိုင်ငံအနေနဲ့လည်း လယ်သမားများအတွက် ကြမ်းခင်းဈေးအာမခံပေးတဲ့ အစီအစဉ်အရ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း နှစ်စဉ်သတ်မှတ်ပြီး အရန်ဆန်ဝယ်ယူသိုလှောင်မှုအား ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရအထောက်အပံ့နှင့် ဖွဲ့စည်းပေးတဲ့ အဖွဲ့အစည်းများက အရှုံးခံပြီး ဝယ်ယူပေးခြင်း၊ အရှုံးခံပြီး ပြန်လည်ရောင်းချပေးခြင်းများဖြင့် လယ်သမားများနှင့် စားသုံးသူပြည်သူများအကြား သင့်တင့်မျှတတဲ့ ဈေးနှုန်းဖြစ်ပေါ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းသတ်မှတ်ခြင်းကို စီးပွားရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးက နှစ်စဉ်သတ်မှတ်ဆုံးဖြတ်ပေးလျက် ရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ နှစ်စဉ်စပါးတန်ချိန်သန်း ၉၀ မှ သန်း ၁၀၀ ဝန်းကျင် ထုတ်လုပ်လျက်ရှိပြီး အစိုးရစပါးဝယ်ယူမှုအနေနဲ့ စုစုပေါင်းထုတ်လုပ်မှုရဲ့ ၃၅ ရာခိုင်နှုန်းခန့် ဝယ်ယူ

တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်အနိမ့်ဆုံးဈေးနှုန်းအာမခံမှု သတ်မှတ်ပေးခြင်းဟာ တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်တဲ့အတွက် အကျိုးအမြတ်ကို ဦးတည်တဲ့ စီးပွားရေးပုံစံနဲ့ ဆောင်ရွက်လို့မရပါကြောင်းနှင့် ငွေကြေးအရ အဆုံးအရှုံးခံထောက်ပံ့ပေးတဲ့ Subsidy စနစ်ဖြင့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ငွေကြေးအရှုံးခံ ဆောင်ရွက်ခြင်းဖြစ်လို့ အစိုးရရဲ့ ထည့်ဝင်ငွေနှင့်သာ ဆောင်ရွက်ရမှာဖြစ်ပြီး ပုဂ္ဂလိက အဖွဲ့အစည်းများရဲ့ ငွေကြေးထည့်ဝင်ဆောင်ရွက်ရန် မသင့်တဲ့အတွက် အစိုးရက သီးခြားတာဝန်ပေးတဲ့ အဖွဲ့အစည်းအဖြစ်သာ ဖွဲ့စည်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အနိမ့်ဆုံးဈေးအာမခံမှု ဆောင်ရွက်မယ်ဆိုရင် ပြင်ပပုဂ္ဂလိကမှ ဝယ်ယူသူမရှိလျှင်လည်း အစိုးရမှ ငွေကြေးစိုက်ထုတ်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လုံလောက်တဲ့ဘဏ္ဍာငွေကို ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရက ဝယ်ယူထားတဲ့ သီးနှံပေါက်ဈေးများ ကျဆင်းပါကလိုအပ်လျှင် အရှုံးခံ Subsity ဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်တဲ့ အဖွဲ့အစည်းကို ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ကာကွယ်ပေးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ထွက်ရှိတဲ့ သီးနှံများအပေါ် အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ဆောင်ရွက်ပေးရာမှာ ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်း၊ သီးခြားအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းတာဝန်ပေးခြင်း၊ လိုအပ်တဲ့ ဘဏ္ဍာငွေဖြည့်တင်းပေးခြင်းများ ပြုလုပ်ပေးနိုင်မှသာ ရေရှည်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ အနိမ့်ဆုံးဈေးနှုန်း အာမခံချက် (Minimum Purchase Guarantee Price) စနစ်ကို ပီပီပြင်ပြင် ချမှတ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး လက်ရှိအနေအထားများအရကတော့ တောင်သူများအတွက် အနိမ့်ဆုံးအခြေခံဈေးနှုန်း (Minimum Basic Price)ကို သတ်မှတ်ဆောင်ရွက်သွားသင့်ပါတယ်လို့ တင်ပြလိုပါတယ်။ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအတွက် အနိမ့်ဆုံးအခြေခံဈေးနှုန်း တွက်ချက်သတ်မှတ်နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများ ဆန်စပါးကဏ္ဍနှင့်သက်ဆိုင်တဲ့ အသင်းအဖွဲ့များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များပါဝင်ပြီး ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးများရဲ့ ဆွေးနွေးညှိနှိုင်းချက်များအရ ၂၀၁၂-၂၀၁၃ ခုနှစ်ထွက် စပါးများဈေးနှုန်းကျဆင်းပြီး တောင်သူလယ်သမားများ မထိခိုက်စေရန်အတွက် အစိုးရက ဝိုင်းဝန်းဖြေရှင်းပံ့ပိုးဆောင်ရွက်ပေးတဲ့အနေဖြင့် တောင်သူစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အပေါ်မှာ သင့်တင့်သည့် လုပ်မှုနေထိုင်စရိတ်ရရှိစေဖို့ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ဈေးနှုန်းကို စပါးအုပ်စုအလိုက် အနိမ့်ဆုံးအခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ပေးနိုင်ရန်အတွက် ညှိနှိုင်းခဲ့ပါတယ်။ ညှိနှိုင်းချက်များကတော့-

(က) အရည်အသွေးကောင်း ဧည့်မထစပါးဈေးနှုန်းကို ၃၅၀၀၀၀ ကျပ်၊ ရိုးရိုးဧည့်မထ စပါးကို ၃၃၀၀၀၀ ကျပ်၊

(ခ ) အရည်အသွေးကောင်း ငစိန်စပါး ဈေးနှုန်းကို ၃၃၀၀၀၀ ကျပ်၊ ရိုးရိုးငစိန်စပါးဈေးနှုန်းကို ၃၁၀၀၀၀ ကျပ်၊

(ဂ ) အရည်အသွေးကောင်း ငကြွေ (ပေါ်ဆန်း) စပါးဈေးနှုန်းကို ၇၀၀၀၀၀ ကျပ်၊ ငကြွေ (ပေါ်ဆန်း) ရိုးရိုးစပါးဈေးနှုန်းကို ၅၀၀၀၀၀ ကျပ် ဈေးနှုန်းနှင့် တွက်ချက်ညှိနှိုင်းရရှိခဲ့ပါတယ်။

ယခုသတ်မှတ်တဲ့ ဈေးနှုန်းများဟာ အနိမ့်ဆုံးအခြေခံဈေးနှုန်းများသာ ဖြစ်ပြီးတော့ အမှန်တကယ်ဝယ်ယူတဲ့ နေရာမှာ ယခုဈေးထက်ပိုမိုတိုးမြှင့်ဝယ်ယူနေတာကို တွေ့ရှိရပါတယ်။ နမူနာအားဖြင့် ဧည့်မထအုပ်စုဝင် အရည်အသွေးကောင်းတဲ့ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ဈေးနှုန်းများကို တင်ပြရရင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှာ ဆင်းသွယ်လတ်စပါးကို ၃၈၆၀၀၀၊ အိမ်မဲမြို့နယ်မှာ နှံကားမြီးကောက်စပါးကို ၄၂၀၀၀၀၊ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်နှင့် ပြည်မြို့နယ်များမှာ ကရင်မထိပ်ဆောင်း စပါးကို ၃၉၅၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုနှင့် ရေဦးမြို့နယ်မှာ စောရှုပ်စပါးကို ၄၈၀၀၀၀ အသီးသီးအရောင်းအဝယ်ဖြစ်နေပါတယ်။ ထိုကဲ့သို့ပဲ ရွှေဝါထွန်း ပြည်ပသို့ ဧည့်မထ ၂၅ မတ် ကြိတ်စပါးဆိုရင်လည်းပဲ ၃၇၀၀၀၀ မှ ၃၈၀၀၀၀ ထိရှိတာ လေ့လာသိရှိရပါတယ်။ ဒီလိုစပါးဈေး ဖြစ်ပေါ်လာမှုအကြောင်းတရားထဲမှာ အရန်ဆန် ဝယ်ယူခြင်းကို တင်ဒါစနစ်ဖြင့် တောင်သူတွေ ရောင်းချလိုတဲ့နေရာတွေမှာ စပါးအဖြစ် တိုက်ရိုက်ဝယ်ယူပေးခြင်းနှင့် ပြည်ပဆန်တင်ပို့မှုကို ဈေးကွက်ဖြစ်ပေါ်မှုအပေါ် လိုက်လျောညီထွေဖြစ်အောင် စီစဉ်ပေးနိုင်မှုစတဲ့ အကြောင်းကိစ္စရပ်များ ပါဝင်ကြောင်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့် အနိမ့်ဆုံးအခြေခံဈေးနှုန်း သတ်မှတ်ရာမှာ မျှမျှတတဖြစ်စေရေးကို အထူးအလေးထား ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ရိုးရိုးစပါးအမျိုးအစားနဲ့ အရည်အသွေးကောင်း စပါးအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းနှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် ဆန်ကြိတ်ထွက်နှုန်း (Out Turn)၊ စားသုံးမှုအရည်အသွေး (Eating Quality)၊ ဆန်အမြင်ကောင်းမှု (Appearance)၊ ဈေးကွက်ဝယ်လိုအားရှိမှု (Market Demand)ရှိမှုတို့အပေါ် ခွဲခြားသတ်မှတ်သွားမှာဖြစ်ပြီး သတ်မှတ်အရည်အသွေးမမီတဲ့ စပါးများအတွက်ကတော့ ဖြတ်တောက်နှုန်းထားများနဲ့ ဝယ်ယူသွားမှာ ဖြစ်ပါတယ်။ အရည်အသွေးကောင်း စပါးအမည်တွေကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ညှိနှိုင်းသတ်မှတ် ကြေညာပေးသွားမှာ ဖြစ်ပါတယ်။

စပါးအရည်အသွေးသတ်မှတ်ချက်များကို အများပြည်သူသိရှိနိုင်ရန် ကြိုတင်ထုတ်ပြန်ပေးသွားမှာဖြစ်သလို အရည်အသွေးသတ်မှတ်ချက် မမီတဲ့စပါးများအတွက် ဖြတ်တောက်ဝယ်ယူရမယ့် နှုန်းထားများကိုလည်းပဲ သတ်မှတ်ချက် တစ်ခုချင်းစီအပေါ် ကြိုတင်ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ယခုသတ်မှတ်ပေးထားတဲ့ အနိမ့်ဆုံးအခြေခံဈေးနှုန်းများဟာ တောင်သူလယ်သမားများ အထိုက်အလျောက် အကျိုးအမြတ်ရရှိစေမှာဖြစ်သလို စားသုံးသူပြည်သူများအတွက်လည်းပဲ ဝန်ထုပ်ဝန်ပိုး မဖြစ်ပေါ်စေနိုင်ဖို့ ပေါင်းစပ်ညှိနှိုင်းတွက်ချက်ထားခြင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆန်စပါးဟာ ပြည်တွင်းစားသုံးမှုထက် ပိုလျှံမှုရှိနေတဲ့အတွက် ဆန်စပါးဟာ ပြည်ပတင်ပို့မှုအပေါ် မူတည်တဲ့ (Export Oriented Crop) သီးနှံလည်း ဖြစ်ပါတယ်။ ဆန်စပါးဈေးနှုန်းတွေ သိပ်မြင့်တက်နေရင် ပြည်ပတင်ပို့သူများအနေနဲ့ တွက်ခြေကိုက်မှုမရှိတာကြောင့် ပြည်ပတင်ပို့မှုလုပ်ငန်းများ နှောင့်နှေးသွားမှာဖြစ်ပါတယ်။ ပိုလျှံမှုရှိနေတဲ့ ဆန်စပါးကို ပြည်ပတင်ပို့မှုမပြုလုပ်နိုင်ရင် ပြည်တွင်းလက်ကျန်များပြီး ဆန်စပါးထုတ်လုပ်ရောင်းဝယ်တင်ပို့မှု လုပ်ငန်းစဉ် (Supply Chain) တစ်ခုလုံး လည်ပတ်မှုတုန့်နှေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆန်စပါးရောင်းဝယ်လည်ပတ်မှု တုန့်နှေးသွားတာနှင့်အမျှ ဆန်စပါးဈေးနှုန်းများအပေါ် ထိခိုက်လာနိုင်မှာ ဖြစ်ပါတယ်။ ယခုအခါ ကမ္ဘာပေါ်မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် နိုင်ငံအတော်များများဟာ အရန်စားနပ်ရိက္ခာစုဆောင်းနေတဲ့ကာလ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်းပဲ အဓိက အစားအစာဖြစ်တဲ့ ဆန်စပါးကို အရန်ဆန်အဖြစ် စတင်ဝယ်ယူနေပြီဖြစ်ပါတယ်။ ဒါကြောင့် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားနိုင်ဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများပါဝင်သော အဖွဲ့များဖြင့် ပြန်လည်ဖြည့်စွက် ပြင်ဆင်ဖွဲ့စည်းသွားမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ၂၀၁၁-၂၀၁၂ ခုနှစ်ထွက် မိုးစပါးများ စတင်ပေါ်ထွက်လာချိန်တွင် စပါးဈေးနှုန်းများ ကျဆင်းခဲ့မှုကြောင့် တောင်သူလယ်သမားများအတွက် အကျိုးစီးပွားမထိခိုက်စေဖို့ အထောက်အကူပြုတဲ့အနေနဲ့ အရန်ဆန်ဝယ်ယူခြင်းကို ၂၀၁၂ ခုနှစ် နှစ်စပိုင်းမှာ စတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးအနေဖြင့် မိုးစပါးတင်း ၁၃.၂၇ သိန်း၊ နွေစပါးတင်း ၃.၆၉ သိန်း၊ စုစုပေါင်း စပါးတင်း ၁၇.၂၃ သိန်းအပြင် ဆန်အနေဖြင့် နွေဆန် ၂၁၄၂၄ တန်ကို ဝယ်ယူခဲ့ပါတယ်။ ထိုကဲ့သို့ဝယ်ယူခဲ့တဲ့အတွက် ဈေးကွက်မှာ တစ်နှစ်လုံး ဆန်စပါးဈေးနှုန်းများဟာ တည်တည်ငြိမ်ငြိမ်နှင့်သင့်တင့်တဲ့ ဈေးနှုန်းဖြစ်ခဲ့ပါတယ်။ ယခု ၂၀၁၂-၂၀၁၃ ခုနှစ်ထွက် မိုးစပါးများ ထွက်ပေါ်လာချိန်မှာလည်း အရန်ဆန်ဝယ်ယူရေးအတွက် မိုးစပါးများ စတင်ထွက်ပေါ်တဲ့ နိုဝင်ဘာလမှာ အချိန်မီ စတင်

ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က နောက်ကျသွားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် လယ်သမားတွေအတွက် တိုက်ရိုက်အကျိုးခံစားခွင့် မရှိပါဘူး။ ဒီနှစ်တော့ နိုဝင်ဘာလထဲက စတင်ပြီး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ ပထမအကြိမ်ဖြင့် ဆန်တန်ချိန် ၂၀၀၀၀ တင်ဒါခေါ် ဝယ်ယူခဲ့ရာမှာ တန်ချိန် ၁၅၉၀၀ တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းမှာ ဒုတိယအကြိမ်အဖြစ် ဆန်တန်ချိန် ၃၀၀၀၀ တင်ဒါခေါ်ယူခဲ့ရာမှာ တန်ချိန် ၂၂၀၀ တင်ဒါအောင်မြင်ခဲ့ပါတယ်။ ဒါကတော့ အပြင်မှာ ဈေးကွက်တွေ မြင့်တက်လာတဲ့အတွက် တင်ဒါသွင်းတာနည်းခြင်းဖြစ်ပါတယ်။ ယခုလက်ရှိအချိန်မှာ အနိမ့်ဆုံးဈေးသတ်မှတ်ပြီး အရန်ဆန်ကို တင်ဒါစနစ်ဖြင့် ဝယ်ယူနေသလို စပါးဖြင့်သာ ရောင်းချလိုကြောင်း ဆန္ဒပြုဆက်သွယ်တင်ပြလာပါကလည်း တောင်သူများထံမှ စပါးအနေဖြင့် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီက ဝယ်ယူပေးနေပြီလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီမှ ဧည့်မထစပါးတင်း ၁၀၀ ကို ကောင်းလျှင် ၃၅၀၀၀၀ ကျပ်နှုန်း၊ သင့်လျှင် ၃၃၀၀၀၀ ဈေးနှုန်းများဖြင့် စပါးများ တိုက်ရိုက်သွားရောက်ဝယ်ယူခဲ့ရာမှာ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှာလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာလည်းကောင်း စပါးများ ဝယ်ယူပေးလျက်ရှိနေပါတယ်။ ဆက်လက်ပြီးတော့ တောင်သူလယ်သမားများမှ စပါးရောင်းချလိုကြောင်း တောင်းဆိုလာပါက အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီအနေဖြင့် ဆက်လက်ဝယ်ယူပေးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်မှာ ဆန်စပါးဈေးနှုန်းများ နိမ့်ကျနေခြင်းကြောင့် အရန်ဆန်ဝယ်ယူပေးရန် ရခိုင်ပြည်နယ် ဒေသခံလယ်သမားများရဲ့ ညှိနှိုင်းမေတ္တာရပ်ခံချက်အရ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီမှ သွားရောက်ကွင်းဆင်းဝယ်ယူပေးခဲ့ပါတယ်။ ဧည့်မထ ၂၅ မတ်ဆန်တစ်တန်လျှင် ကျပ် ၂၇၀၀၀၀ နှုန်း၊ ငစိန် ၂၅ မတ်ဆန်တစ်တန်လျှင် ကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ဆန်များ လွယ်ကူလျင်မြန်စွာ ပြည်ပတင်ပို့နိုင်ရေးအတွက် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးခဲ့တဲ့အပြင် ဈေးကွက်မှာရှိတဲ့ နယ်စပ်ဒေသများသို့ပါ တင်ပို့ခွင့်ပြုပေးခဲ့ရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၉ လအတွင်း ဆန်တန်ချိန် တစ်သန်းကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ၄၆ နှစ်အတွင်းမှာ အများဆုံးတင်ပို့နိုင်သည့် နှစ်ဖြစ်ခဲ့ပါတယ်။ ယခုနှစ်မှာ အနည်းဆုံးဆန်တန်ချိန် ၁.၂ သန်းကျော်အထိ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ယခု ဇန်နဝါရီ လကုန်မှာ ဆန်တန်ချိန် ၁.၂ သန်း တင်ပို့နိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဆန်ကြိတ်ခွဲရန် အခက်အခဲရှိတဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသများမှာ စိုက်ပျိုးထွက်ရှိသော

ကောက်ညှင်းစပါးများ ပိုလျှံနေတဲ့အတွက် ပြည်ပတင်ပို့ရန် ဒေသခံပြည်သူများက တင်ပြလာတဲ့အတွက် ဒေသစားသုံးမှုထက် ပိုလျှံသည်များကို ပြည်ပသို့ လိုင်စင်ထုတ်ပေးပြီး တင်ပို့ခွင့်ပြုပေးလျက်ရှိပါတယ်။

ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ရည်ရွယ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးအသင်းများအစီအစဉ်နှင့် တောင်သူလယ်သမားများကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ်လ ၂ ရက်နေ့မှာ မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြင့်စက်ကိရိယာပြပွဲ ၂၀၁၃ ကို ရန်ကုန်မြို့ မင်းဓမ္မလမ်း MCC ခန်းမမှာ နိုင်ငံတကာအဆင့်မီ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ လယ်ယာသုံးကိရိယာများအပါအဝင် ဆန်စက်များ၊ ဆီစက်များ၊ ပဲခွဲစက်များကို ပြည်တွင်းပြည်ပကုမ္ပဏီကြီးများက လာရောက်ပြသကြမှာဖြစ်သလို ရောင်းသွားမှာလည်း ဖြစ်ပါတယ်။ ပြည်တွင်းဝယ်ယူလိုသူများကိုလည်း အရစ်ကျစနစ်ဖြင့် ဘဏ်များမှတစ်ဆင့် ချိတ်ဆက်ဝယ်ယူနိုင်အောင်လည်း စီစဉ်ပေးမှာ ဖြစ်ပါတယ်။ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီအနေနဲ့ ဆန်ပိုလျှံဒေသတွေက ဆန်စပါးများကို ဝယ်ယူပေးလျက်ရှိသလို တစ်ဖက်ကလည်းပဲ စားနပ်ရိက္ခာလိုအပ်တဲ့ ကချင်ပြည်နယ် ပူတာအိုဒေသကို ဆန်များပေးပို့ရန်စီစဉ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ကချင်ပြည်နယ်အစိုးရရဲ့ မေတ္တာရပ်ခံချက်အရ ပူတာအိုဒေသအတွက် လိုအပ်မယ့်ဆန်တန် ၁၅၀၀ ကို မီးရထားတွဲများနဲ့ မြစ်ကြီးနားမြို့အထိ အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီက ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ နေ့ကစပြီး စီစဉ်တင်ပို့နေပြီ ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

တင်ပြပါအခြေအနေများအရ ပထမအဆင့်အနေနဲ့ အနိမ့်ဆုံးအခြေခံဈေးနှုန်း (Minimum Basic Price) သတ်မှတ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အထက်မှာတင်ပြခဲ့သလို သီးခြားအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းခြင်း၊ လုံလောက်သောငွေကြေး ဘဏ္ဍာငွေခွင့်ပြုချထားခြင်း၊ အဖွဲ့အစည်းအတွက် အထောက်အကူပေးမယ့် ခိုင်မာတဲ့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးခြင်းများ ဆောင်ရွက်ပြီးမှသာလျှင် အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimum Purchase Guarantee Price) ကို သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားသင့်ပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေနဲ့ ကိုက်ညီပြီး အမြန်ဆုံး အကောင်အထည်ဖော်နိုင်မယ့်အနိမ့်ဆုံးအခြေခံဈေးနှုန်း (Minimum Basic Price) သတ်မှတ်ခြင်းလုပ်ငန်းကို ဦးစွာ သတ်မှတ်စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနှင့် စိုက်ပျိုးထုတ်လုပ်သူလယ်သမားများရဲ့ အကျိုးစီးပွား မထိ

ခိုက်စေရေးကို အဓိကအလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ (က)အရ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ယခုလို တင်သွင်းတဲ့ တစ်နိုင်ငံလုံးတောင်သူလယ်သမားကိစ္စမေးခွန်းကို ပြည်ထောင်စုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အကျယ်တဝင့်ရှင်းလင်းတင်ပြသွားတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ အားလည်း အားရမိပါတယ်။ ဒါကြောင့်မို့လို့ တစ်ဆက်တစ်စပ်တည်း မေးခွန်း ၃ ခုရှိလာပါတယ်။ ဒီမေးခွန်းကို ယခုဖြေဆိုနိုင်ရင်လည်း ပြန်လည်ဖြေဆိုဖို့ ပန်ကြားလိုပြီးတော့ တွက်ချက်ဖြေဆိုရဦးမယ်ဆိုရင်လည်း နောင်မှ စာဖြင့်ဖြေဆိုရန် ဦးစွာ ပန်ကြားလိုပါတယ်။ ပထမတစ်ခုကတော့ ကျွန်တော်တို့ရဲ့ မဝေးတဲ့နိုင်ငံတွေမှာ အစိုးရအဖွဲ့က အရှုံးခံပြီးတော့ နှစ်စဉ် စီစဉ်ဆောင်ရွက်နေတယ်ဆိုတာကို ကြားသိရတဲ့အတွက် အားလည်း အားကျမိပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုလုပ်ချင်တယ်ဆိုလို့ရှိရင်တော့ အစိုးရက ဖွဲ့စည်းသော အဖွဲ့အစည်းနဲ့ ဒီလိုအရှုံးခံဆောင်ရွက်ပေးနိုင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းပေးရန်ဆိုတဲ့မူကိုလည်း လက်ခံကျေနပ်မိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ လက်ရှိအရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီကိုပဲ ဒီဥပဒေဘောင်အတွင်းမှာ ထည့်သွင်းစဉ်းစားပြီးတော့ ပြောင်းလဲဆောင်ရွက်မှာလား သို့မဟုတ် အခြားအစီအစဉ်သစ်နဲ့ဆိုရင် ဒီဥပဒေကြမ်းကို ဘယ်တော့လောက် လွှတ်တော်ကို တင်သွင်းဖို့ ရှိပါသလဲ။ ဒါမေးခွန်း အဆက်အစပ် (၁) ဖြစ်ပါတယ်။ ဒုတိယအဆက်အစပ် မေးခွန်းကတော့ ဈေးနှုန်းညှိနှိုင်းမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ အကြမ်းဖျင်းအားဖြင့် ၃၃၀၀၀၀ ကနေ ၃၈၀၀၀၀ ရှိတာကိုလည်း တွေ့ရှိရပါတယ်။ အကယ်၍ ၃၈၀၀၀၀ နဲ့ လက်ရှိဝယ်တဲ့ ဈေးနှုန်းနဲ့ဆိုရင်တောင်မှ ကျွန်တော်တို့ လွှတ်တော်ထဲမှာလည်း စပါးတကယ်စိုက်တဲ့ လယ်သမားတွေလည်း ပါပါတယ်။ တောင်သူလယ်သမားတွေနဲ့ အနီးကပ်လေ့လာတဲ့ ကော်မတီရဲ့တွက်ချက်မှုအရဆိုရင် ၃၈၀၀၀၀ လယ်သမား မိသားစု ၄ ဦး၊ အလယ်တန်းကျောင်းသားတစ်ဦး၊ မူလတန်းကျောင်းသားတစ်ဦးအပါအဝင်နဲ့ ဇနီးရော၊ ခင်ပွန်းရော နှစ်ယောက်လုံး လယ်ထဲကို ဆင်းပါတယ်။ အဲ့ဒီလို အသေးစိတ်တွက်လိုက်တဲ့အခါမှာ ပေါက်ပြား၊ ထွန်တုံး၊ မြက်ခုတ်ဓားကအစ တွက်လိုက်တဲ့အခါမှာ ၃၈၀၀၀၀ ဈေးနှုန်းနဲ့ဆိုလို့ရှိရင် ကျွန်တော်တို့ တစ်ဦးရဲ့ တစ်နှစ်ဝင်ငွေဟာ ၈၅၇၅၀ ကျပ် ဖြစ်ပြီးတော့ တစ်နည်းအားဖြင့် လယ်သမား ၄ ဦး မိသားစုက တစ်ယောက်ရဲ့ တစ်ရက်ဝင်ငွေဟာ ၂၈၄ ကျပ်ပဲရှိပါသေးတယ်ဆိုတာ

တွေ့ရှိရပါတယ်။ ဒါ ၃၈၀၀၀၀ ဈေးနဲ့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနက ကွင်းဆင်းတွက်ချက်တဲ့အခါမှာ လယ်သမားတကယ်သုံးခဲ့ရတဲ့ သွင်းအားစုအသေးစိတ်ကို ထည့်သွင်းတွက်ချက်မှု ရှိခဲ့ပါသလား သိလိုပါတယ်။ မတွက်ချက်ရသေးရင်လည်း ပြန်လည်တွက်ချက်စဉ်းစားပေးဖို့ အစီအစဉ် ရှိပါသလား သိလိုပါတယ်။ ဒါ ဒုတိယမေးခွန်းဖြစ်ပါတယ်ခင်ဗျား။ နောက်ဆုံးဆက်စပ်မေးခွန်းကတော့ အရှုံးခံပြီးဝယ်ရတယ်ဆိုတာတောင် ဆန်အရည်အသွေးအရကတော့ ကောင်းဖို့အတွက် စပါးအရည်အသွေးကို စိစစ်ရတယ်လို့ပြောပါတယ်။ ကျွန်တော်တို့ လက်တွေ့မှာကြုံနေရတာတော့ စပါးဈေးကျတာဟာ Price Stability ဆောင်ရွက်ရတယ်ဆိုတာကိုလည်း သဘောပေါက်ပါတယ်။ လက်ခံပါတယ်။ ဒါပေမယ့်လို့ လက်တွေ့ကြုံနေရတာက ကျွန်တော်တို့နိုင်ငံမှာ စပါးဝယ်တဲ့အချိန်၊ စပါးထွက်တဲ့အချိန်မှာပဲ စပါးဈေးကကျပြီးတော့ ဒီကျနေတဲ့ဈေးနှုန်းအတိုင်း နောက်ဆုံးစားရတဲ့ ဈေးကွက်ထဲကလူက မခံစားရတာများပါတယ်။ End User သည် နောက်ဆုံးဆန်ကို ပေါက်ဈေးနဲ့ပဲ တော်တော်မြင့်မြင့်ဝယ်ယူရတဲ့ အနေအထားရှိပါတယ်။ တစ်နည်းအားဖြင့် လက်ထဲမှာ ဝမ်းစာမကျန်တော့တဲ့ လယ်သမားဟာ သူဆန်ပြန်ဝယ်စားရတဲ့ အချိန်မှာ သူအရှုံးခံရောင်းလိုက်ရတဲ့ဈေးနဲ့ ပြန်ဝယ်စားခွင့် ဘယ်တုန်းကမှ မရရှိခဲ့ပါဘူး။ ဒီလိုဖြစ်ရတဲ့အချိန်ဟာ ကျွန်တော်တို့ နိုင်ငံမှာ ခုန ဝန်ကြီးတင်ပြသွားတာရှိပါတယ်။ အကောင်းဆုံးခေတ်မီဆန်စက်ကို တန် ၂၄၀ ဓာတ်ပုံထဲမှာ တွေ့လိုက်ပါတယ်။ ကျွန်တော်တို့ ကပ်လျက်နိုင်ငံက ကျွန်တော်တို့အစိုးရအဖွဲ့က သွားလေ့လာပြီးတော့ TV မှာ တင်ပြခဲ့တာရှိပါတယ်။ တန် ၃၀၀၀ ဆန်စက်ဖြစ်ပါတယ်။ သူတို့ရဲ့ ခေတ်အမီဆုံးက တန် ၂၄၀ ဖြစ်ပါတယ်။ တကယ်တမ်းက ၂၄၀ ခေတ်မီဆန်စက်က နေရာတိုင်းမှာမရှိတဲ့အတွက် ဝန်ကြီးတင်ပြသွားတဲ့ ဓာတ်ပုံထဲက တော်တော်များများ သာမန်ဆန်စက်တွေကပဲ လယ်သမားရဲ့ စပါးကို ဝယ်ပြီးကြိတ်ခွဲရတာဖြစ်ပြီးတော့ သူတို့ရဲ့ ဆန်စက်ကိုတော့ အရည်အသွေးမြင့်ဖို့ မကြိုးစားနိုင်တဲ့အခါမှာ လယ်သမားရဲ့ စပါးအိတ်ကို မီးသတ်ပိုက်ခေါင်းလိုဟာမျိုးနဲ့ အကုန်လုံးကျေ၊ မကျေရိုက်ကြည့်ပြီးမှ ဝယ်တယ်လို့ လယ်သမားအများစုရဲ့ တင်ပြတာကိုလည်း မှတ်သားရရှိပါတယ်။ ဒါကြောင့်မို့လို့ တတိယနောက်ဆုံးမေးခွန်းအနေနဲ့ ဆန်အရည်အသွေးထိန်းဖို့၊ ဈေးကောင်းရဖို့၊ အရှုံးသက်သာဖို့၊ စပါးသစ်အရည်အသွေးကို စိစစ်ဝယ်ယူတဲ့နေရာမှာ ဆန်စက်များအပိုင်းကလည်း သူတို့ Update လုပ်ဖို့၊ တိုးတက်ဖို့အတွက် ဝန်ကြီးဌာနက မည်သို့ မည်ပုံတွန်းအားပေး ဆောင်ရွက်ထားရှိပါကြောင်း သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။ ။**
ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဦးဝင်းသန်း မေးခွန်းတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီအစိုးရအဖွဲ့က အရှုံးခံဆောင်ရွက်ကြတယ်။ ပြည်ပနိုင်ငံတွေမှာ ကျွန်တော်တို့အနေနဲ့လည်း ထိုကဲ့သို့သော အစီအစဉ်များရှိပါသလားဆိုတာကတော့ ကျွန်တော်တို့အနေနဲ့က မလွဲမသွေတော့ လုပ်ကြရမှာပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံဟာ အဓိကက လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်သလို အဓိက ၇၀ ရာခိုင်နှုန်းသော ကျွန်တော်တို့ လယ်သမားတွေဖြစ်နေတဲ့ အနေအထားတွေရှိပါတယ်။ အဲ့ဒီအတွက်လည်းပဲ အစိုးရအဖွဲ့အနေနဲ့ တခြားနိုင်ငံများကဲ့သို့ ထိုင်းတို့၊ ဗီယက်နမ်တို့လို အဖွဲ့အစည်းတွေပေ့ါ။ တစ်ချိန်တုန်းကလည်း ကျွန်တော်တို့ SAMP တို့ရှိခဲ့သလို MAPP တို့ ရှိခဲ့သလို ဖက်စပ်စနစ်ဆန်စပါးလုပ်တဲ့ အဖွဲ့အစည်းတွေရှိခဲ့ပါတယ်။ ဒါတွေလည်းပဲ ကျွန်တော်တို့ ညှိနှိုင်းတိုင်ပင်ပြီး ဆက်လက်ပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်ခင်ဗျား။ နောက်ဈေးနှုန်းညှိနှိုင်းမှုနဲ့ ပတ်သက်ပြီးတော့ လယ်သမားတွေရဲ့ ကုန်ကျစရိတ်အနေနဲ့တော့ ကျွန်တော်တို့ အမှန်အတိုင်းပြောရရင်တော့ အကြမ်းဖျင်းပဲ တွက်ချက်တာရှိပါတယ်ခင်ဗျား။ ကျွန်တော် ဒီဈေးနှုန်းများ သတ်မှတ်ဖို့အတွက် နယ်တွေကို ဆင်းတဲ့အခါမှာ ရွှေဘိုဘက်ကို ရောက်တဲ့အခါမှာ ရွှေဘိုမှာရှိတဲ့ လယ်သမားတွေရဲ့ နွေစပါးစိုက်ပျိုးမှု မိုးစပါးစိုက်ပျိုးမှုနဲ့ ရရှိတဲ့ဈေးနှုန်းရရှိမှုနဲ့ဆိုရင် သူတို့ဟာ နွေစပါးစိုက်ပျိုးမှုပေါ်မှာ ပိုသလို ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဧရာဝတီတိုင်းဒေသကတချို့၊ ပဲခူးတိုင်းဒေသကြီးတချို့၊ ဒေသတချို့ဟာ ခုနက ရေကြီးနစ်မြုပ်တဲ့ အခြေအနေတွေ ပြီးတော့ စပါးမျိုး မကောင်းတဲ့အခြေအနေတွေပြီးတော့ ဆန်ဈေးကလည်း ခုနက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးသွားသလို တကယ်ရရှိမယ့်အချိန်တွေမှာ မိမိရောင်းရတဲ့အချိန်တွေမှာ ဆန်ဈေးကျနေတဲ့အချိန်တွေကြောင့် နလန်မထူနိုင်ဘူးဖြစ်နေတာ။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ တွက်ချက်တဲ့နေရာမှာ ဒီထက် အသေးစိတ်စနစ်တကျတွက်ချက်ဖို့လိုတယ်လို့ တင်ပြလိုပါတယ်။ နောက် နံပါတ်သုံးမေးခွန်းကတော့ ကျွန်တော်တို့ စပါးဈေးကျတာဟာ စပါးဈေးကျပေမယ့်လည်း တကယ့် End User စားသုံးတဲ့သူဟာ ဈေးကြီးပေးရတယ်ဆိုတာ မှန်ပါတယ်။ ကျွန်တော်တို့ဆိုရင် စောစော ပြီးခဲ့တဲ့ တစ်လလောက်က စပါးဈေးတွေက သုံးသိန်းအောက်ထိ ကျသွားတဲ့အခါမှာ အင်မတန်စိုးရိမ်မိပါ တယ်။ လယ်သမားတွေအတွက် စိုးရိမ်မိပါတယ်။ အဲဒီနောက်ပိုင်းမှာကျွန်တော်တို့ အရန်ဆန် ဝယ်ယူလိုက်တယ်။ ပြည်ပကိုလည်း ၁.၂ သန်းကျော်လောက်အထိပို့ခဲ့ပါတယ်။ ပို့ခဲ့တဲ့ အချိန်မှာ ချက်ချင်းမှာပဲ စပါးဈေးဟာ ၂၀၀၀၀ ကနေ ၅၀၀၀၀ လောက်အထိ စပါးတစ်ရာကို

တက်သွားသလို့ဆန်စျေးလည်း တက်သွားပါတယ်။ အခုတချို့ဒေသတွေမှာ စပါးစျေးက ၄၀၀၀၀၀ ကျော်အထိ ဖြစ်သွားပါတယ်။ ဆန်ဝယ်စားရတဲ့သူတွေ အတွက်ကတော့ ကျွန်တော်တို့ အင်မတန်မှ ဆန်ရှားတဲ့ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလလောက်မှာဆိုရင် စိုးရိမ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ အရန်ဆန်ဝယ်ယူသွားရမှာဖြစ်သလို တစ်ဖက်ကလည်းပဲ စားသုံးသူတွေအတွက်ကို သင့်တင့်မျှတအောင်အတွက် ဒါကျွန်တော်တို့ အဖွဲ့အစည်းတွေကနေဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဦးဝင်းသန်း မေးတာနဲ့ပတ်သက်လို့ ဆန်စက်များအနေနဲ့မှန်ပါတယ်။ ပြည်ပနိုင်ငံတွေမှာ တန် ၃၀၀၀ ကျဆန်စက်တွေ ကျွန်တော် ထိုင်းရောက်တဲ့အခါမှာ တန် ၃၀၀၀ ကျဆန်စက်တွေ ရှိပါတယ်။ ကျွန်တော်တို့ လွတ်လပ်ရေးမရခင်ကတောင် ကျွန်တော်တို့နိုင်ငံမှာ ခနောင်တိုချောင်းထဲမှာ တန် ၁၀၀၀ ကျဆန်စက် ရှိခဲ့ဖူးပါတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံးဆန်စက် မြန်မာပြည်မှာ ရှိခဲ့ဖူးပါတယ်။ အခုက အကြီးဆုံးဆန်စက်က တန် ၂၀၀ ပဲ ရှိပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့အခု Loans တွေ၊ Grant တွေ၊ ချေးငွေတွေရရင် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အဓိကဆန်စက်တွေ ပြုပြင်သင့်ပါတယ်။ ဆန်စက်တွေပြုပြင်သင့်ပါတယ်။ အဓိကကတော့ စောစောက ကျွန်တော်တို့ တင်ပြသွားသလို ၂၀၁၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့ကို ကြိုဆိုသောအားဖြင့် ကျွန်တော်တို့ ဆန်စက်ပြပွဲလုပ်ပါမယ်။ အဲဒီမှာ ဆန်စက်တွေ၊ အင်မတန် နာမည်ကြီးတဲ့ ဆာတာကေးဆန်စက်တို့၊ အဘူလာဆန်စက်တို့အပါအဝင် တရုတ်နိုင်ငံကထုတ်လုပ်တဲ့ ဆန်စက်တွေ၊ ထိုင်းနိုင်ငံကထုတ်လုပ်တဲ့ဆန်စက်တွေပါ လာရောက်ပြသမှာ ဖြစ်ပါတယ်။ အဲဒီဆန်စက်တွေကလည်း အရွယ်အစား တန် ၁၀၀ ကနေပြီး ထောင်နဲ့ချီပြီးတော့ ၂၄ နာရီကို တန် ထောင်နဲ့ချီပြီးတော့ကျတဲ့ ဆန်စက်တွေပါမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဒီမှာ အထူးပြုကုမ္ပဏီတွေအပါအဝင် ကုမ္ပဏီကြီးတွေရော ကျန်တဲ့ ဒေသမှာရှိတဲ့သူတွေကို ဝယ်နိုင်အောင်ဆိုပြီးတော့ အစီအမံတွေလည်း လုပ်ထားတာလည်း ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။ ပြည့်ပြည့်စုံစုံကိုလည်းပဲ စနစ်တကျပြန်ဖြေသွားမယ်လို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ယခင်ကုန်သွယ်ရေးဝန်ကြီးဌာနက ယင်းဌာနတွင် ၁၇၊ ၁၈ နှစ်ကြာ အစိုးရအဆက်ဆက် ယာဉ်မောင်းများအဖြစ်ဆောင်ရွက်ခဲ့ကြသည့် ဝါရင့်ယာဉ်မောင်းကြီးများအား ယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ရှင်ဘဝသို့ ရောက်ရှိရေးစီစဉ်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ (က) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယခင် ကုန်သွယ်ရေးဝန်ကြီးဌာနက ယင်းဌာနတွင် ၁၇ နှစ်၊ ၁၈ နှစ်ကြာ အစိုးရအဆက်ဆက် ယာဉ်မောင်းများ အဖြစ်ဆောင်ရွက်ခဲ့ကြသည့် ဝါရင့်ယာဉ်မောင်းကြီးများအား ယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ရှင်ဘဝသို့ ရောက်ရှိရေးစီစဉ်ဆောင်ရွက်ခဲ့ရာ စလစ်တန်ဖိုး၏ ၆၀ ရာခိုင်နှုန်းအထိ ယာဉ်မောင်းများအားတိုးပေး ရန်၊ ယခင် ၃ လမှ ယခု ၁ လအတွင်း ဝယ်ယူရန်နှင့် ဘဏ်ချေးငွေနဲ့ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက် ပေးရန် အချက် ၃ ချက်ကို ၆-၁၂-၂၀၁၂ ရက်နေ့က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်နှင့် ယာဉ်မောင်းများသဘောတူခဲ့သည်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သိပါသလား။ (ခ) ထိုသို့သဘောတူခဲ့ပြီးဖြစ်သော်လည်း အဆိုပါယာဉ်မောင်းကြီးများအား ဆက်လက် ရောင်းချပေးခြင်းမရှိသေးသောကြောင့် ယာဉ်မောင်းများအနေဖြင့် နေ့စဉ် Owner ကြေး ၁၀၀၀၀ ပေးသွင်းနေရသည်ဖြစ်ရာ ၁ လနောက်ကျသည်နှင့်ကျပ် ၃ သိန်းနစ်နာနေသောကြောင့် ရောင်းချခွင့် တောင်းခံခဲ့သည်မှစပါက ၃ လကျော်လာပြီးဖြစ်၍ ယာဉ်မောင်းများအနေဖြင့် များစွာနစ်နာနေသည်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သိပါသလား။ (ဂ) သိပါက အဆိုပါ ယာဉ်မောင်းများ၏နစ်နာမှုအပေါ် မည်သို့ကုစားဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဖြေမှာလား။ ဝန်ကြီးဖြေမယ်ဆိုရင် ဖြေနိုင်ပါတယ်။ ကြိုတင်ခွင့်တောင်း ထားတာရှိလို့ပါ။ တကယ်လို့ ဒုတိယဝန်ကြီးဖြေမယ်ဆိုလည်းရပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မေးမြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့ အငှား ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီကို ယာဉ်မောင်းများရဲ့ကိုယ်စားလှယ်ခေါင်းဆောင်များနဲ့တွေ့ဆုံစေ ပြီး အငှားယာဉ်မောင်းများရဲ့ဆန္ဒသဘောထားများကို နားထောင်စေခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှာ အငှားယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး၊ ရန်ကုန်

တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနဲ့ ၁ ကြိမ်၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှာ အငှားယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ၁ ကြိမ် တွေ့ဆုံဆွေးနွေးစေခဲ့ပြီး အငှားယာဉ်မောင်းများရဲ့ဆန္ဒကိုရယူခဲ့ပါတယ်။ ယာဉ်မောင်းများရဲ့တင်ပြညှိနှိုင်းမှုတွေကတော့ ယာဉ်ကာလပေါက်စျေး၏ ၆၀ ရာခိုင်နှုန်းဖြင့် အမည်ပေါက်ယာဉ်မောင်းများကို ရောင်းချပေးရန်၊ ယာဉ်ရောင်းချရာတွင် ဆိုင်းငံ့ကာလ ၃ လအတွင်းကျသင့်ငွေအားပေးသွင်းရန်၊ တိုက်ရိုက်ပေးသွင်းရန် အခက်အခဲရှိသူများနှင့် ပြင်ပတွင်ငွေသားဖြင့်ချေးငှား၍ ဝယ်ယူခြင်း အခက်အခဲမဖြစ်ပေါ်စေရန်အတွက် မြန်မာနိုင်ငံသားများဘဏ်မှ အရစ်ကျပေးဆောင်သောစနစ် (Hire Purchase) စနစ်ဖြင့် ချေးငွေထုတ်ပေးရေးညှိနှိုင်း ဆောင်ရွက်ပေးရန်ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။ ယာဉ်မောင်းများရဲ့ အဆိုပြုချက်တွေကို အငှားယာဉ်ကြီးကြပ်ရေးကော်မတီမှ ဝန်ကြီးဌာနသို့တင်ပြခဲ့တဲ့အတွက် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီမှာ အဆိုပါအဆိုပြုချက်များကို လုပ်ထုံးလုပ်နည်းနဲ့အညီ ညှိနှိုင်းဖြေရှင်းနိုင်ရေးညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်များကတော့-

(က) အငှားယာဉ်မောင်းများအား ပြန်လည်ရောင်းချပေးရန်၊ အငှားယာဉ်လုပ်ငန်းကို စနစ်တကျစာရင်းရှင်းလင်းဖျက်သိမ်းသွားရေးနှင့် တင်ပြလမ်းညွှန်မှုခံယူနိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊

(ခ) အငှားယာဉ်လုပ်ငန်းမှ စီမံအုပ်ချုပ်မှုကိစ္စအဝဝအတွက် လက်ရှိခန့်ထားတဲ့ ဝန်ထမ်း ၇၀ နီးပါးအတွက်လည်း နစ်နာမှုမရှိအောင် သင့်တော်တဲ့အစီအစဉ်တွေကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ဒါကြောင့် အငှားယာဉ်လုပ်ငန်းအား စနစ်တကျဖျက်သိမ်းရေးအစီအစဉ်ကို နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်တဲ့အတွက် မူလယာဉ်မောင်းများအား စျေးနှုန်းသတ်မှတ်ရောင်းချပေးနိုင်ရန်အတွက် အငှားယာဉ်လုပ်ငန်းစာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းကော်မတီနှင့် မော်တော်ယာဉ်များစျေးနှုန်းသတ်မှတ်ရေးနှင့် ထုခွဲရောင်းချရေးဆပ်ကော်မတီ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆပ်ကော်မတီ၊ ပုံသေပိုင်ပစ္စည်းများစာရင်းကောက်ယူရေးဆပ်ကော်မတီစတဲ့ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ယာဉ်မောင်းများမှလည်း ကျွန်တော့်ထံ လာရောက်ပြီး ၎င်းတို့ရဲ့ဆန္ဒများတင်ပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်းပဲ ယာဉ်မောင်းများရဲ့ အခက်အခဲတွေကို စနစ်တကျဆောင်ရွက်ဖြေရှင်းပေးမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီအတွက်

ဇန်နဝါရီလ ၂၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ နိုင်ငံတော်သမ္မတကြီးရဲ့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် အငှားယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ဘဝသို့ရောက်ရှိမှာဖြစ်တဲ့အတွက် ယာဉ်မောင်းအားလုံးမှ ကျေးဇူးတင်လျက်ရှိကြောင်းနှင့် ၎င်းတို့ဆန္ဒကို ထုတ်ဖော်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်နည်းဥပဒေပုဒ်မ ၁၁၆ (ဃ) အရ တစ်ဆက်တစ်စပ်တည်းမေးလိုတဲ့မေးခွန်းကတော့ ခုန ဝန်ကြီးဖြေကြားတဲ့စီစဉ်ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ ယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ဘဝသို့ရောက်ရှိလိုတဲ့ လုပ်သားများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တစ်ဆက်တစ်စပ်တည်းမေးလိုတဲ့မေးခွန်းကတော့ ခုနက ဝန်ကြီးတင်ပြသွားတဲ့အတိုင်းပေါ့။ ယာဉ်မောင်းဘဝကနေ ယာဉ်ပိုင်ဘဝကို ဘယ်အချိန်လောက်မှာ သူတို့ရောက်ရှိမယ်ဆိုတဲ့ခန့်မှန်းကာလလေးတော့ ရှင်းလင်းဖြေကြားပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မေးမြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် ဖေဖော်ဝါရီလအတွင်းမှာအပြတ် ယာဉ်မောင်းများနဲ့ညှိနှိုင်းပြီး ဆောက်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဘားအံမြို့နယ်အတွင်း ဘိလပ်မြေစက်ရုံတည်ဆောက်ခြင်းကို ဒေသခံပြည်သူများမှ ကန့်ကွက်ကြောင်းနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေသော အခြားစက်ရုံ၊ အလုပ်ရုံများထားရှိပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင့်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မေးမြန်းလိုတဲ့မေးခွန်းကတော့ ဘားအံမြို့နယ်အတွင်း ဘိလပ်မြေစက်ရုံတည်ဆောက်ခြင်းကို ဒေသခံပြည်သူများမှ ကန့်ကွက်ကြောင်းနှင့် ဆင်းရဲမှုလျှော့ချရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် လူ့စွမ်းအားအရင်းအမြစ်

ဖွံ့ဖြိုးစေသော နည်းပညာများ၊ စက်မှုသင်တန်းကျောင်းများနှင့် အခြားစက်ရုံ၊ အလုပ်ရုံများအား ထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းပဲဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်ရရှိရေးကိုအကြောင်းပြုပြီး သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသော ဘိလပ်မြေစက်ရုံ တည်ဆောက်ခြင်းကို မပြုလုပ်ဘဲ ဒေသခံလူငယ်များ၏ နောင်အနာဂတ်ကာလမှာ မပျက်စီး မဆုံးရှုံး တတ်သော လူ့စွမ်းအားအရင်းအမြစ်နည်းပညာများ၊ အခြားစက်ရုံအလုပ်ရုံများအားထားရှိပေးစေလို ပါတယ်ရှင်။ အဘယ်ကြောင့်ဆိုသော် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှာ လက်ရှိလည်ပတ် နေသော ဘိလပ်မြေစက်ရုံ တန် ၉၀၀ နှင့် တန် ၄၀၀၀ ရှိနေပြီဖြစ်ပါတယ်ရှင်။ ထိုစက်ရုံများကြောင့် အနီးပတ်ဝန်းကျင်မှာရှိနေတဲ့ ကျေးရွာများမှာ လမ်းသွားလမ်းလာအခက်အခဲများ၊ လယ်ယာမြေ ဥယျာဉ်ခြံများကိုသိမ်းဆည်းထားသည့် ပြဿနာများ၊ ကျန်းမာရေးပြဿနာများစသည့် လူမှုရေး ပြဿနာများဟာ ယနေ့ထက်တိုင် ပြေလည်မှုမရရှိသေးပါရှင်။ ထိုစက်ရုံများကြောင့် နစ်နာဆုံးရှုံးရ သော ကျေးရွာလူထုများသည် ယခု နောက်ထပ် တန် ၅၀၀၀ ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် လျာထားသော ဒေသခံမဟုတ်သော စိုးနိုင်ဖြိုးကုမ္ပဏီနှင့် တန် ၁၀၀၀၀ ဘိလပ်မြေဆောက်လုပ်ရန် လျာထားသော အိန္ဒိယနိုင်ငံ၊ ရှရီစီပင့်ကုမ္ပဏီလီမီတက်နှင့် နန့်လီတီဝီတီကုမ္ပဏီလီမီတက်တို့အား သဘောမတူဘဲ ကန့်ကွက်ကြောင်း တင်ပြလာပါတယ်ရှင်။ သို့ဖြစ်ပါ၍ သံလွင်မြစ်အနောက်ဘက် ခြမ်းမှာရှိတဲ့ တောင်များနှင့် အရှေ့ဘက်ခြမ်းမှာရှိတဲ့ ဇွဲကပင်တောင်အပါ စုစုပေါင်း ၁၂ တောင် မပပျောက်ရေး ကျောက်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေစက်ရုံတည်ဆောက်ခြင်းအား ကန့်ကွက်ကြောင်း သက်ဆိုင်ရာသို့တင်ပြပေးရန်နှင့် ဒေသခံလူထုများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် အလုပ်အကိုင် ရရှိရေးအတွက် အခြားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေသော နည်းပညာများ၊ သင်တန်းကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အခြားစက်မှုလက်မှုများစီစဉ်ပေးရန် အစီအစဉ်ရှိ၊ မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ ဘားအံမြို့နယ်အတွင်း ဘိလပ်မြေစက်ရုံ

တည်ဆောက်ခြင်းကို ဒေသခံပြည်သူများမှ ကန့်ကွက်ကြောင်းနှင့် ဆင်းရဲမှုလျှော့ချရေး ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေသော နည်းပညာများ၊ အခြားစက်ရုံအလုပ်ရုံများထားရှိပေးရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံမှာ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံစုစုပေါင်း ၁၄ ရုံ ရှိပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မှုအား တန်ချိန် ၂.၈ သန်းခန့်သာရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းလိုအပ်ချက်အတွက် နှစ်စဉ်ပြည်ပမှဘိလပ်မြေတန်ချိန် ပျမ်းမျှတန်ချိန် ၂ သန်းခန့် တင်သွင်းရပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တည်ဆောက်ရန်ခွင့်ပြုထားတဲ့ ဘိလပ်မြေစက်ရုံ ၉ ရုံ ရှိပါတယ်။ ၎င်းစက်ရုံများဟာ အစောဆုံး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာလည်ပတ်နိုင်ပြီဖြစ်သဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပါ။ လက်ရှိမှာ ကရင်ပြည်နယ်မှာ ဘိလပ်မြေစက်ရုံတည်ဆောက်ရန် အောက်ပါကုမ္ပဏီ ၄ ခုမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားသဖြင့် စိစစ်ဆဲ ဖြစ်ပါတယ်-

(က) ကရင်ပြည်နယ်၊ ဘားအံမြို့ သံလွင်မြစ်အနောက်ဘက်ခြမ်းတွင် United Cement ကုမ္ပဏီမှ မိကရင်နှင့်ကျောကရင်တောင်မှ ထုံးကျောက်ကိုအသုံးပြု၍ တစ်နေ့လျှင် တန် ၁၀၀၀ ကျ ဘိလပ်မြေစက်ရုံ၊

(ခ) ကရင်ပြည်နယ်၊ ဘားအံမြို့ ဇရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် စိုးနိုင်ဖြိုးကုမ္ပဏီမှ တရုတ်နိုင်ငံ Ji Doung Cement ကုမ္ပဏီ နှင့်အကျိုးတူပူးပေါင်း၍ လေထီးတောင်နှင့် လှိုင်းကလေးတောင်တို့မှ ထုံးကျောက်ကို အသုံးပြု၍ တစ်နေ့လျှင် တန် ၅၀၀၀ ကျ ဘိလပ်မြေစက်ရုံ၊

(ဂ) ကရင်ပြည်နယ်၊ ဘားအံမြို့ သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင် Myanmar Nawarat Cement ကုမ္ပဏီမှ တဝမ်ဖန်တရနှင့် နောက်ကပြိုင်ထုံးကျောက်တောင်တို့မှ ထုံးကျောက်ကို အသုံးပြု၍ တစ်နေ့ တန် ၅၀၀၀ ကျ ဘိလပ်မြေစက်ရုံ၊

(ဃ) ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင် Golden High Light Mining ကုမ္ပဏီမှ ကမော့ပေါတောင်နှင့် ပန်းတောမီးတောင်တို့မှ ထုံးကျောက်ကို အသုံးပြုမည့် တစ်နေ့တန် ၆၀၀၀ ကျ ဘိလပ်မြေစက်ရုံ။

အဆိုပါ ဘိလပ်မြေစက်ရုံများ တည်ဆောက်ရေးနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို အောက်ဖော်ပြပါအချက်များထည့်သွင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပြန်ကြားထားပါတယ်-

(က) အရည်အသွေးမီ ထုံးကျောက်လုံလောက်သော ပမာဏရှိခြင်း၊ အခြားကုန်ကြမ်းများဖြစ်သော ရွှံ့စေး၊ သံကျောက်နှင့် ဂေါတန်ကျောက်များအနီးပတ်ဝန်းကျင်တွင် ရရှိနိုင်သဖြင့် လိုအပ်သော ကုန်ကြမ်းများထုတ်လုပ်ခွင့်ကို သတ္တုတွင်းဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့မှရယူရန်လိုအပ်ပါသည်။

(ခ) စက်ရုံတည်ဆောက်မည့် မြေနေရာ၊ ကုန်ကြမ်းထုတ်လုပ်မည့် မြေနေရာများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ၏ သဘောထားကို ပြေလည်စွာရယူထားရန် လိုအပ်ပါသည်။

(ဂ) ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းသည် လေထုညစ်ညမ်းမှုဖြစ်စေသော လုပ်ငန်း အမျိုးအစားဖြစ်သဖြင့် ထွက်ရှိသော အခိုးအငွေ့နှင့် အမှုန်များသည် ပတ်ဝန်းကျင်ဒေသတွင်း ပျံ့နှံ့ပြီးညစ်ညမ်းမှုမဖြစ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် ကုမ္ပဏီများသည် Environmental Impact Assessment (EIA) နှင့် Social Impact Assessment (SIA) တို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။

တစ်ဖက်မှလည်း ဘိလပ်မြေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတားစတဲ့ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ နေအိမ်များနှင့် ခေတ်မီအဆောက်အဦများ တည်ဆောက်ရေးမှာ လိုအပ်တဲ့ စက်မှုထုတ်ကုန်ပစ္စည်းဖြစ်ပါသဖြင့် ပြည်တွင်းလိုအပ်ချက်အရ ဆောင်ရွက်ရမည့်လုပ်ငန်းလည်း ဖြစ်နေပါတယ်။ လက်ရှိအခြေအနေမှာ ကရင်ပြည်နယ်၌ ဘားအံစက်မှုဇုန်ကို တည်ထောင်ထားရှိပြီး၊ အထည်ချုပ်လုပ်ငန်း၊ သစ်အခြေခံနှင့် အချောထည်လုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းတို့ကိုသာ ဦးစားပေးလုပ်ကိုင်စေလျက်ရှိပါတယ်။ ထို့အပြင် မြဝတီစက်မှုဇုန်နှင့် ဘုရားသုံးဆူစက်မှုဇုန်တို့ကိုလည်း တည်ဆောက်အကောင်အထည်ဖော်နေပြီးဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ပြီး၊ သက်ဆိုင်ရာ ထုတ်လုပ်မှုနည်းပညာများ ရရှိမည်ဖြစ်ပါတယ်။ သို့ပါ၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ဟာ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ဒေသတွင်း စက်မှုကဏ္ဍများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်

အလမ်းများဖန်တီးနိုင်ရေးနှင့် စက်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး တို့ကို ဘက်စုံ၊ ထောင့်စုံမှ လေ့လာသုံးသပ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ နောက်ဆက်တွဲအနေနဲ့ ပြည်ထောင်စု ဝန်ကြီးဖြေသွားပါတယ်။ ဒေသခံလူထုတွေ အလုပ်အကိုင်ရရှိဖို့ စက်ရုံအလုပ်ရုံတွေ၊ စက်မှုဇုန်တွေ တည်ဆောက်ပေးတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ခုနက ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒဖြစ်တဲ့အတွက် ပြည်သူတို့ရဲ့ဆန္ဒအရ တင်ပြပေးခြင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာ ဘိလပ်မြေစက်ရုံ ၂ ရုံကြောင့် ဒေသခံလူထုတွေရဲ့ လယ်ယာမြေတွေ၊ ပြဿနာတွေ အခက်အခဲများစွာ ရင်ဆိုင်နေကြရပါတယ်။ ဒါကို ပြည်ထောင်စုဝန်ကြီးအနေနဲ့ သိချင်လည်း သိပါလိမ့်မယ်ရှင်။ ဒါပေမယ့် အခုထိ အဲဒီပြဿနာတွေဟာ ရှင်းလို့မရသေးပါဘူးရှင်။ ဒါ့အပြင် ဒေသခံလူထုတွေဟာ ဒီဘိလပ်မြေစက်ရုံ ၂ ရုံကြောင့် ရှူရှိုက်နေရတဲ့ ဖုန်လုံးတွေဟာ နေ့စဉ်နှင့် အမျှ ပါပဲ။ ဒီဖုန်လုံးတွေကြောင့် အထူးသဖြင့် တီဘီရောဂါခံစားနေကြရပါတယ်။ ဒါကို ပြန်ပြီးတော့ ကုပေး ရပါတယ်ရှင်။ ဒါကြောင့်မို့လို့ အခုလက်ရှိရှိနေတဲ့ စက်ရုံ ၂ ရုံတောင်မှ ဒီလိုမျိုး လူမှုပြဿနာမျိုးစုံ ရင်ဆိုင်နေရတဲ့အချိန်မှာ နောက်ထပ်ဘိလပ်မြေစက်ရုံ ၄ ရုံအတွက် ဘယ်လိုကတိကဝတ် အာမခံတွေ ကို ပေးပြီးတော့ တကယ်လို့ ဒီကတိတွေကို ဖောက်ဖျက်လာမယ်ဆိုရင် ဘယ်လို အရေးယူဆောင်ရွက် လို့ရပါသလဲ။ လူထုကနေပြီးတော့ ရပ်တန့်ပါလို့ ပြောတဲ့အချိန်မှာ ရပ်တန့်ခွင့်ရောရှိပါသလားဆိုတာ ကိုသိချင်ပါတယ်ရှင်။ (ကြိဘာသံများ)

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဘိလပ်မြေစက်ရုံတည်ဆောက်ခွင့် အဆိုပြုချက်တွေဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြပါတယ်ခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကနေပြီးတော့ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနကို သဘောထားမှတ်ချက်တောင်းပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ နည်းပညာပိုင်းဆိုင်ရာအချက်အလက်များနှင့် စောစောကလို အထူးသဖြင့် ဖြစ်နေတဲ့ Environmental ကိစ္စဘာညာမှာ ကျွန်တော်တို့ အလေးအနက်ထားပြီးတော့ သဘောထားမှတ်ချက်တွေပေးနေပါတယ်။ အဲဒီတော့ စက်မှုလုပ်ငန်းထူထောင်တဲ့နေရာမှာ ဘိလပ်မြေ စက်ရုံမှ မဟုတ်ပါဘူး။ တစ်ခြားစက်ရုံတွေအဆိုပြုချက်တွေမှာလည်း စောစောကလိုပဲ သူ့စက်ရုံ တည်ဆောက်မှုကြောင့် Environmental ဆိုင်ရာ မလိုလားအပ်တဲ့ Impact တွေ မဖြစ်ပေါ်ရေးနှင့်

တစ်ခြား ဒီမြေကိစ္စတို့ ဘာတို့နှင့်ပတ်သက်တဲ့ Social Impact တွေမဖြစ်ပေါ်ရေးကို အဓိက ထားပြီးတော့ ကျွန်တော်တို့ အကြံပြုပေးလျက်ရှိပါတယ်။ အခု ဒီဘိလပ်မြေစက်ရုံတွေမှာတော့ စောစောက ကျွန်တော်တင်ပြသွားတဲ့အထဲမှာပါသလိုပဲ အဓိကကတော့ ဒီဘိလပ်မြေစက်ရုံအတွက် ထုံးကျောက်ထုတ်လုပ်မှု လိုအပ်တဲ့ ရွှံ့ကျောက်၊ ရွှံ့စေး၊ သံကျောက်ပါ ကုန်ကြမ်းထုတ်လုပ်မှုတွေကိုပါ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီး ခွင့်ပြုချက်ချမှတ်ပေးရမှာဖြစ်ပါတယ်။ နောက် ဒီမှာလည်း ကျွန်တော်တို့အနေနဲ့ကတော့ စက်ရုံတည်ဆောက်တဲ့ မြေနေရာနဲ့ အခြားမြေနေရာ နှင့်ပတ်သက်ပြီး ဒေသခံပြည်သူများရဲ့သဘောထားကို ပြေလည်စွာရယူထားရန် လိုအပ်ပါတယ်ဆိုပြီး ကျွန်တော်တို့ တင်ပြထားပါတယ်။ နောက် ထုတ်လုပ်သူတွေအနေနဲ့ကတော့ မိမိတို့တည်ဆောက်မယ့် စက်ရုံပတ်ဝန်းကျင်မှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့ သဘောထားကို ရယူပြီးတော့ပဲ ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုမေးမြန်းတဲ့ မူလမေးခွန်း၊ ထပ်ဆင့်မေးခွန်းများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားသွားပါတယ်။ ဖြေကြားတဲ့နေရာမှာလည်း လုပ်ငန်းများမစတင်ခင် EIA, SIA နောက်ပေါ်ပေါက်လာတဲ့ EITI အဖွဲ့အစည်းတွေက လိုအပ်တဲ့ စစ်ဆေးမှုတွေ၊ စူးစမ်းမှုတွေ ပြုပြီးနောက်ပိုင်းမှာ ခွင့်ပြုခြင်း၊ မပြုခြင်းဆိုတာ ဖြစ်မယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်နန်းစေအွာ မေးတဲ့မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးက ဖြေတဲ့နေရာမှာ EIA, SIA, EITI အဖွဲ့အစည်း များက ရရှိလာတဲ့ စူးစမ်းလေ့လာမှု အစီရင်ခံစာပေါ်မူတည်ပြီးတော့ ဆက်လုပ်ခြင်း၊ ဆက်မလုပ်ခြင်း ဖြစ်နိုင်တယ်လို့ ယူဆပါတယ်။ အဲဒီလို လုပ်လိုက်တဲ့အခါမှာလည်း မူလသဘောတူထားတဲ့အတိုင်း ဖြစ်မလာဘူးဆိုလို့ရှိရင်တော့ စာချုပ်စာတမ်းများပါအတိုင်းပဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဒီမေးခွန်းကိုမေးပေးတဲ့ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာရော၊ ဖြေကြားပေးတဲ့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးရော လွှတ်တော်အနေနဲ့ ကျေးဇူးတင်ပါတယ်။ သို့ရာတွင် နောက်ပိုင်းဆောင်ရွက်တဲ့အခါမှာလည်း ခုနက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ဖို့နဲ့ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ဥပဒေနှင့် အညီဖြစ်ဖို့ကိစ္စကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနအပိုင်းကရော၊ ပြည်သူများအပိုင်းကရော လိုက်နာ ဆောင်ရွက်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဆက်ပြီးတော့ မေးခွန်းတစ်ခု မေးဖို့ ဖိတ်ခေါ်ပါ့မယ်။

## ဟဲဟိုးလေယာဉ်ကွင်းအနီး၌ လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်စပ်လျဥ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ ။** ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်) ။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ မနက်ပိုင်းက ဟဲဟိုးလေဆိပ်မှာဖြစ်ပွားခဲ့တဲ့ လေယာဉ်ပျက်ကျမှုနဲ့ ပတ်သက်ပြီး နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေး အကျိုးစီးပွားအတွက် ရည်ရွယ်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လေယာဉ်ပျက်ကျမှုကိုလေ့လာကြည့်ရင် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ စုစုပေါင်း ၁၃ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ဒီ ၁၃ ကြိမ်မှာ မြန်မာ့လေကြောင်းလိုင်းက ၁၀ ကြိမ်ဖြစ်ပါတယ်။ Air ပုဂံမှ ၂ကြိမ်ဖြစ်ပြီးတော့ Air ကမ္ဘောဇက ၁ ကြိမ်ဖြစ်ပါတယ်။ ဒီ ၁၃ ကြိမ်မှာ လူဦးရေ ၁၀၀ အသက်ဆုံးရှုံးခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ယနေ့ နိုင်ငံခြားခရီးသွားတွေကလည်း ဒါကို စိုးရိမ်ပါတယ်။ စိုးရိမ်တဲ့အတွက်ကြောင့် ယနေ့ဧည့်သည်များသည် လေကြောင်းလိုင်းကို အသုံးမပြုဘဲနဲ့ တချို့ဖြစ်နိုင်ရင် မော်တော်ယာဉ်နဲ့သွားနေကြပါတယ်။ အလားတူ တချို့လည်း အခြေအနေအရပ်ရပ်ကို ယုံကြည်မှုအနေအထားကို စောင့်ကြည့်ပြီးတော့ သွားလာမှုနည်းပါးလာတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲပြီးတော့ ယနေ့လုပ်ကိုင်နေတဲ့အချိန်မှာ နိုင်ငံခြားအရင်းအနှီးတွေကို ဖိတ်ခေါ်နေပါတယ်။ နိုင်ငံခြားသားဝင်ရောက်မှုဟာ ယနေ့ ပိုမိုပြီးတော့ များပြားလာတဲ့အချိန် ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်အရ နိုင်ငံခြားဧည့်သည် ၅၅၇၄၅၅ ဦးဝင်မယ်လို့ မျှော်မှန်းထားပါတယ်။ ဒါ့ကြောင့် ဒီလေယာဉ်ပျက်ကျမှုနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ကုမ္ပဏီအနေနဲ့ တစ်ကြိမ်သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ကော်မရှင်ဖွဲ့ပြီးတော့ စစ်ဆေးတယ်ဆိုပြီးတော့ ကြေညာထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဒီအခြေအနေများသည် ပြည်တွင်းပြည်ပလေကြောင်းလိုင်းမှာ သွားလာနေတဲ့ ခရီးသည်များအတွက် ယုံကြည်မှုကို အပြည့်အဝမရနိုင်သေးဘူး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီနဲ့ ကုမ္ပဏီတာဝန်ရှိတဲ့လူကြီးတွေ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ လေယာဉ်ကွင်းတွေရဲ့ အခြေအနေ၊ လေယာဉ်တွေရဲ့အခြေအနေ၊ လေယာဉ်မောင်တွေရဲ့ အရည်အသွေး၊ လေယာဉ်မယ်တွေရဲ့ အရည်အသွေးစသည်ဖြင့် ယုံကြည်မှုတွေကို ပြည်တွင်းနဲ့

ပြည်ပမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ဆောင်ရွက်မှသာလျှင် နိုင်ငံတော်က ရည်မှန်းထားတဲ့ ၂၀၁၃-၂၀၁၄ ရည်မှန်းချက်တွေ၊ ငါးနှစ်စီမံကိန်းအတွက် ရည်မှန်းထားတဲ့ နိုင်ငံခြားဧည့်သည် ၁.၅ သန်း ဝင်ရောက်ဖို့ အတွက် ဆောင်ရွက်နေတဲ့အခြေအနေ အောင်မြင်မှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက် ၀၈း၂၈ နာရီအချိန်မှာ မနက်ပိုင်းက ဟဲဟိုးလေယာဉ်ကွင်းအနီးမှာ လေယာဉ် ပျက်ကျမှု ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အသွင်ကူးပြောင်းရေးကာလဖြစ်တဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ကြိုးစားအားယူနေတဲ့ ယနေ့အချိန်အခါမျိုးမှာ အဆိုပါဖြစ်စဉ်ဟာ အတိုင်းအတာ တစ်ခုသော အတားအဆီးကို ဖြစ်ပေါ်စေနိုင်တဲ့အတွက်ကြောင့် ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ ပြည်တွင်း ပြည်ပခရီးသွားတွေ နားလည်ယုံကြည်လာအောင်ပြုလုပ်ဖို့ အခြေအနေမှန်တွေရှင်းလင်းဖို့ ထပ်မံ မဖြစ်ဖို့အတွက် ကြိုတင်ကာကွယ်ထားတဲ့ စီမံဆောင်ရွက်မှုတွေကို သိရှိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အခမ်းအနားသို့ တက်ရောက်လာ သော ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ ဟဲဟိုးလေယာဉ်ကွင်းအနီးမှာ လေယာဉ်ပျက်ကျမှုဖြစ်စဉ်နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ပြန်လည်ဖြေကြား သွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက် ၈ နာရီ ၅၁ မိနစ်မှာ အဲပုဂံလေကြောင်းလိုင်းပိုင် F.100 လေယာဉ် XY-AGC ဟာ ဟဲဟိုးလေယာဉ်ကွင်းသို့ ဆင်းသက်စဉ်မှာ လေယာဉ် မတော်တဆထိခိုက်ပျက်စီးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ လေယာဉ်မတော်တဆထိခိုက်မှုဖြစ်ပွားတဲ့ နေ့မှာပဲ ကျွန်တော်တို့ နာရီပိုင်းအတွင်းမှာပဲ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိတဲ့သူတွေဟာ ဖြစ်ပွားရာနေရာကို သွားရောက်စစ်ဆေးခဲ့ပြီးတော့ အဲဒီနေ့မှာပဲ ကျွန်တော်တို့

အဖွဲ့ဝင်ငါးဦးပါတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် အများပြည်သူသိရှိနိုင်ဖို့ နိုင်ငံတော်ပိုင် သတင်းမီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်ခြင်းတို့ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါတယ်။

လေယာဉ်မတော်တဆဖြစ်ပွားမှုဟာ ယေဘုယျအားဖြင့်တော့ လေယာဉ်ကွင်းသို့ ချဉ်းကပ်တဲ့ အမြင့်ဟာ ရှိသင့်တာထက်နိမ့်၍ ချဉ်းကပ်တာကြောင့်လို့ ယူဆရပါတယ်။ အဲဒီလိုဖြစ်တဲ့ဖြစ်စဉ်ကတော့ Man, Machine, Media ဟူသောအကြောင်းအချက် သုံးချက်အနက်တစ်ခုခုကြောင့် ဖြစ်ပွားနိုင်ပါတယ်။ လူ၏အမြင်မှားယွင်းခြင်း၊ ဆုံးဖြတ်ချက်မှားယွင်းခြင်း၊ စက်ပစ္စည်းတို့၏ သဘောအရ အပူအအေးကြောင့် မှားယွင်းညွှန်ပြတတ်ခြင်း၊ ရာသီဥတုအခြေအနေကလည်း မြူနှင်းများထူထပ်စွာကျရောက်သည့်ဆောင်းရာသီဖြစ်တဲ့အတွက် သဲကွဲစွာမမြင်ရတဲ့ အခြေအနေဖြစ်ခြင်းစတဲ့ အခြေအနေအချက်တွေကြောင့် ဖြစ်ပွားနိုင်ပါတယ်။

ကျွန်တော်တို့ စုံစမ်းရေးအဖွဲ့အနေနဲ့ အဲဒီအချင်းဖြစ်ပွားတဲ့ ၂၅-၁၂-၂၀၁၂ ရက်နေ့နှင့် ၂၆-၁၂-၂၀၁၂ ရက်နေ့တွေမှာ လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ခဲ့ပြီးတော့ လေယာဉ်ရဲ့ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာ Flight Data Recorder နှင့် လေယာဉ်မှူးနဲ့ လေကြောင်းညွှန်ကြားမှုဦးစီးဌာန ဆက်သွယ်တဲ့ ကျွန်တော်တို့ အသံမှတ်တမ်းတင်ထားတဲ့ Cockpit Voice Recorder တို့ကို Download and Analysis ပြုလုပ်နိုင်ဖို့အတွက် စင်ကာပူနိုင်ငံမှာရှိတဲ့ Air Accident Investigation Bureau (AAIB)နဲ့ ညှိနှိုင်းခဲ့တဲ့အခါ မီးလောင်ပျက်စီးမှု အတိုင်းအတာများတဲ့အတွက်ကြောင့်မို့လို့ အဲဒီကနေအကြံပြုချက်အရ Facility ပိုမိုပြည့်စုံတဲ့ ဩစတြေးလျနိုင်ငံမှာရှိတဲ့ Australia Transport Safety Bureau (ATSP) မှာဆောင်ရွက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ အဖွဲ့ဝင်ငါးဦးဟာ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့မှာရှိတဲ့ (ATSB) မှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ သွားရောက်စစ်ဆေးပြီးတော့ ဖော်ထုတ်ခဲ့ပြီး ကနဦးအစီရင်ခံစာ ရရှိခဲ့ပါတယ်။

အဲဒါနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအတွက်လည်း သတင်းမီဒီယာများကို ဖိတ်ကြားပြီးတော့ ကနဦးအစီရင်ခံစာကိုအခြေပြုပြီး ယနေ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာပဲ ရန်ကုန်မြို့မှာရှိတဲ့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းမှ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ပြည်တွင်း ပြည်ပခရီးသွားများ နားလည်ယုံကြည်မှုရရှိလာရေးအတွက် ကျွန်တော်တို့စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အပြီးသတ် အစီရင်ခံစာ (Final Report) ရရှိတဲ့အခါ ပြည့်ပြည့်စုံစုံလည်း ကျွန်တော်တို့ ထပ်မံပြီးတော့ သတင်းထုတ်ပြန် ကြေညာသွားမှာ ဖြစ်ပါတယ်။ နောင်အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားစေရေးအတွက်ကိုလည်း လေယာဉ်မှူးများ၊ လေယာဉ်ထိန်းဌာနများကို ကျွန်တော်တို့ လိုအပ်တဲ့ညွှန်ကြားချက်တွေ ထုတ်ပြန်ထားပြီးသားဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီ Final Report ရ ပြီးတဲ့အခါမှာလည်း ဒီဖြစ်စဉ်မှတွေ့ရှိတဲ့ သင်ခန်းစာဖော်ထုတ်ချက်တွေ ပြုပြင်ဆောင်ရွက်ရန် ရှိတာတွေကို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်တွင်းလေကြောင်းလိုင်းများမှ စီမံခန့်ခွဲသူများ၊ လေယာဉ်မှူး၊ လေယာဉ်သားများ၊ စက်မှုလက်မှု အင်ဂျင်နီယာများ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတွေကို ကျွန်တော်တို့ ဖိတ်ကြားပြီးတော့ ရှင်းလင်းဆွေးနွေးခြင်း၊ သင်တန်းတွေမှာ ထည့်သွင်းပြီးတော့ သင်ကြားသွားခြင်း ဒါတွေလည်း ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တရားစီရင်ရေး၏ မူတစ်ခုဖြစ်သည့် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး လက်တွေ့အကောင်အထည်ဖော်ကြရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ လူကြီးမင်းများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့်ပြည့်စုံကြပါစေလို့ ပထမဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးကို လက်တွေ့အကောင်အထည်ဖော်ကြရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆင့်ဆင့်သောတရားရုံးများအား ညွှန်ကြားချက်ထုတ်ပေးရေးအဆိုကို ၅-၁၁-၂၀၁၂ နေ့မှာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ၂၆-၁၁-၂၀၁၂ နေ့မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယင်းအဆိုကို တင်သွင်းရတဲ့ အကြောင်းအကျိုး ဖော်ပြချက်တောင်းသဖြင့် ကျွန်တော်ရေးသားပေးပို့ခဲ့ပါတယ်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌကြီးက ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပတဲ့အခါ ယင်းအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲပေးရန် အကြံပြုသဖြင့် ပြောင်းလဲပေးခဲ့တဲ့အတွက် မေးခွန်းအဖြစ် ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ရဲ့ အခြေခံမူများနှင့် တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး မူတစ်ခုအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ (က) မှာ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးကိုပြဋ္ဌာန်းထားပါတယ်။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ တရားစီရင်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာဆိုပြီး ပြည်ထောင်စုတရားစီရင်ရေးဥပဒေအမှတ် (၂၀/၂၀၁၀) ကိုထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ ဥပဒေမှာပါတဲ့ တရားစီရင်ရေးဆိုင်ရာမူများအနက် လွတ်လပ်စွာတရားစီရင်ရေးကိုလည်း ပြဋ္ဌာန်းထား ပြီးဖြစ်ပါတယ်။ ဒါပေမယ့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအနေဖြင့်သော် လည်းကောင်း၊ ကော်မတီမှာပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်သော်လည်းကောင်း သက်ဆိုင်ရာတရားသူကြီးများနှင့် ထိတွေ့ဆက်ဆံဆွေးနွေးပြောဆိုကြတဲ့အခါမှာ လွတ်လပ်စွာ တရား စီရင်ရေးကို အလေးထားလိုတဲ့ တရားသူကြီးများရဲ့ ညည်းတွားသံများကို ကြားခဲ့ကြရပါတယ်။ အဲဒါတွေ ကတော့ တရားဥပဒေစိုးမိုးရေးကို တရားစီရင်ရေးတစ်ဖွဲ့တည်းနှင့် လုပ်လို့မရကြောင်း ဆက်နွယ်နေတဲ့ အဖွဲ့အစည်းအားလုံးတွင်လည်း တာဝန်ရှိကြောင်း၊ တရားသူကြီးများက အမိကကျကြောင်း၊ တရားသူကြီးများဟာ ဘယာကတိကိုအမြဲတမ်းကြောက်နေကြရကြောင်း၊ တရားသူကြီးများတွင် ဘယာ ကတိများရှိနေသေးကြောင်း အုပ်ချုပ်ရေးပိုင်းကိုမကြောက်ပါနဲ့ လွတ်လပ်စွာ တရားစီရင်ကြပါလို့ ပြောနေရုံနဲ့မပြီးကြောင်း အောက်ခြေတွင် တရားရုံးများအပေါ်လွှမ်းမိုးမှုများရှိနေသေးကြောင်း၊ လွတ်လပ်စွာတရားစီရင်ရေးကို တရားသူကြီးများအနေနှင့် ပြည့်ဝစွာပြုလုပ်၍ မရသေးကြောင်း လွတ်လပ်ရမည်ဆိုလျှင် ကျွန်တော်တို့ချည်းလုပ်၍မရကြောင်း၊ စွက်ဖက်လွှမ်းမိုးမှုမရှိစေရေးညှိနှိုင်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို မကြောက်ပါနဲ့ ပြောလို့မဖြစ်ကြောင်း၊ မကြောက် အောင် တရားသူကြီးများကို ဘာအာမခံချက်ပေးမလဲဟုမေးလိုကြောင်း၊ ဝန်ကြီးချုပ်အထိတင်ပြ ညှိနှိုင်း၍ဆောင်ရွက်နေရပါကြောင်း၊ တရားရုံးသည် အုပ်ချုပ်ရေး၏လက်အောက်ခံသဖွယ်ညွှန်ကြား လျက်ရှိပါကြောင်း၊ ယင်းအခြေခံစိတ်ထားများကို ပြောင်းလဲရန် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တွင်တာဝန်ရှိကြောင်း၊ အုပ်ချုပ်ရေးကောင်းမှ တရားစီရင်ရေးကောင်းမည်ဖြစ်ကြောင်း၊ တရားသူကြီး များသည်လည်း ဝန်ထမ်းများဖြစ်၍ ကြောက်တတ်ပါကြောင်းစသည်ဖြင့် ဆွေးနွေးပြောဆိုမှုများရှိခဲ့ ကြပါတယ်။ ဒီလိုပြောဆိုချက်များအရဆိုရင် နိုင်ငံတော်ရဲ့အခြေခံမူကြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က) မှာပါရှိတဲ့ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့်

အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းကိုပြုသည်ဆိုတဲ့ ပြဋ္ဌာန်းချက်နှင့် ကွဲလွဲဆန့်ကျင်နေတာတွေ့ရှိရပါတယ်။ ယခုလိုမဖြစ်ရအောင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ မှာ ပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်လက်စွဲများကို ထုတ်ပြန်နိုင်သည့် ပြဋ္ဌာန်းချက်ရှိတဲ့အတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိရဲ့လုပ်ပိုင်ခွင့်ကို ထိထိရောက်ရောက်ကျင့်သုံးဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့မှာ ပြဋ္ဌာန်းပါရှိတဲ့အတိုင်း ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ကြရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆင့်ဆင့်သောတရားရုံးများအား ညွှန်ကြားချက်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ စီစဉ်ပြီးပါက မည်သည့်နေ့ရက်တွင် ညွှန်ကြားချက်ထုတ်ထားကြောင်း သိလိုပါ၍ မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုလွှတ်တော်ချုပ်က အစည်းအဝေးကို ခေတ္တရပ်နားပြီးချိန်မှပဲ ဖြေပါ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်ရဲ့မေးမြန်းမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၉ မှာ တရားစီရင်ရေးမူများကိုသတ်မှတ်ခဲ့ရာမှာ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဆိုတဲ့ မူတစ်ရပ်လည်းပါဝင်ပါတယ်။ အလားတူပင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ၂၀၁၁ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ရာမှာ အဆိုပါဥပဒေပုဒ်မ အခန်း(၂) ပုဒ်မ ၃ တွင်လည်း ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဆိုတဲ့ မူကိုထည့်သွင်းပြဋ္ဌာန်းခဲ့ပါတယ်။ တရားစီရင်ရာမှာ အခြေခံထားပြီးလိုက်နာရမည့်စံများကို ခေတ်အဆက်ဆက်သော တရားစီရင်ရေး ဥပဒေများတွင် တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအဖြစ် အတိအလင်းအခိုင်အမာထည့်သွင်း ပြဋ္ဌာန်းခဲ့ကြတာကို တွေ့ရှိခဲ့ရပါတယ်။ လွတ်လပ်စွာ တရားစီရင်ရေးဆိုတာဟာ တရားစီရင်ရေး အခြေခံမူများမှာ အဓိကအကျဆုံးအခြေခံမူလည်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို အခြေခံ မူတစ်ရပ်အဖြစ် ချမှတ်ခဲ့တာကို လည်းတွေ့ရပါတယ်။

ဒါကြောင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးဆိုတဲ့မူကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အုပ်ချုပ်ရေးအာဏာပိုင်များမှ စွက်ဖက်ခြင်း၊ ဆုံးဖြတ်ချက်ပေးခြင်း သဘော သက်ရောက်တဲ့ဖြစ်စဉ်များ မဖြစ်ပွားစေရန်အတွက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍမှာ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုရှိစေရန်နှင့် တရားစီရင်ရေးဆောင်ရွက်ရာမှာ မှန်ကန် သည့်လမ်းကြောင်းပေါ်မှာ ရပ်တည်ပြီးတော့ဆောင်ရွက်ဖို့ဆိုတဲ့ လမ်းညွှန်မှုများကို ကျွန်တော်တို့

အကြိမ်ကြိမ် ထုတ်ပြန်ထားပြီးလည်းဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာပိုင်များက အဖွဲ့အစည်း အဆင့်ဆင့်ဟာ တရားစီရင်ရေးလမ်းကြောင်းမှာ ဝင်ရောက်စွက်ဖက်ခြင်း၊ ဝင်ရောက်ဆုံးဖြတ်ခြင်း သဘောသက်ရောက်သည့်လုပ်ရပ်များကို ဆောင်ရွက်ခြင်းဖြင့် လွတ်လပ်စွာတရားစီရင်ရေးကို ထိခိုက်ပျက်ပြားစေတဲ့အတွက် အဆိုပါဖြစ်စဉ်များကို မဖြစ်ပွားစေရန်အတွက် မှန်မှန်ကန်ကန် ညှိနှိုင်းပေါင်းစပ် ပံ့ပိုးကူညီရန်ဆိုပြီးတော့ တရားရုံးချုပ်က ညွှန်ကြားချက်ထုတ်ပြန်ပြီး အဆင့်ဆင့်သော တရားရုံးများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ တရားသူကြီးများထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ အလားတူပဲ တရားရုံးများသည် ပုဂ္ဂိုလ်ရေးသိက္ခာမဲ့ခင်မင်ရင်းနှီးမှုကြောင့် ဘက်လိုက်ဆောင်ရွက်ခြင်း မပြုမိစေဘဲ တော်တည့်မှန်ကန်စွာ ဆောင်ရွက်ရေးကိစ္စကို တရားရုံးချုပ်က ညွှန်ကြားချက်ထုတ်ပြန် ထားပြီးဖြစ်ပါတယ်။ ထို့အပြင်လည်း နိုင်ငံတကာမှာရှိတဲ့ တရားစီရင်ရေးနယ်ပယ်အသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသော တရားသူကြီးများ လိုက်နာသင့်တဲ့ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ် များနှင့် လိုအပ်သည့်အရည်အသွေးစံနှုန်းများကို မြန်မာနိုင်ငံရှိ တရားရုံးအဆင့်ဆင့်မှာရှိတဲ့ တရားသူကြီးများအားလုံး လေ့လာမှတ်သားလိုက်နာစေရန်အတွက် The Bang Law Principles of Judicial Conduct ဆိုတဲ့ စာတမ်းကိုလည်း ကျွန်တော်တို့ တရားရုံးချုပ်က ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များရဲ့ ညှိနှိုင်းအစည်းအဝေးများမှာလည်း ပြည်ထောင်စုတရားသူကြီးချုပ်က တရားသူကြီးများဟာ နိုင်ငံတော်ကပေးအပ်တဲ့ တရားစီရင်ရေးတာဝန်ကို ဆောင်ရွက်တဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့တွင် ပြဋ္ဌာန်းထားတဲ့ လွတ်လပ်စွာ တရားစီရင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရန်နှင့် တစ်စုံတစ်ဦး၏ မလျော်မကန် ဖိအားပေးမှု၊ မလျော်ဩဇာ အသုံးပြုမှုများကို လက်မခံဘဲ ပြည်သူ့အကျိုးအတွက် ဖြောင့်မတ်မှန်ကန်စွာ ဥပဒေနှင့်အညီစီရင်သွားရန်ဆိုပြီးတော့ မှာကြားခဲ့ပြီးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေနဲ့လည်း အဆင့်ဆင့်သော တရားရုံးများက ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ကြရန်ဆိုပြီးတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့စွဲပါ ညွှန်ကြားချက်အမှတ် (၃/၂၀၁၂) ကိုထုတ်ပြန်ပြီးတော့ တရားရုံးအဆင့်ဆင့်က လိုက်နာဆောင်ရွက်ရန်အတွက် ကြီးကြပ် လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ တရားစီရင်ရေး၏မူတစ်ခုဖြစ်တဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာတရား စီရင်ရေးကို လက်တွေ့အကောင်အထည်ဖော်ကြရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆင့်ဆင့်သောတရားရုံးများအား ညွှန်ကြားချက်ထုတ်ပြန်ပြီးဖြစ်ပါကြောင်း ပုသိမ်မဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏မေးခွန်းကို ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဆီဆိုင်မြို့နယ် တရားရုံးဝန်ထမ်းအိမ်ရာများ ပျက်စီးယိုယွင်း၍နေမရဖြစ်နေပါသဖြင့် သင့်လျော်သော အိမ်ရာဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းကို(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကိုဖြေကြားပေးမည့် သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း များစွာကျေးဇူးတင်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့လျှောက်လှမ်းရာမှာ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုသော မဏ္ဍိုင်ကြီး ၃ ရပ်ဖိုခနောက်ဒေါက်ညီမှသာ အလျင်အမြန်ရောက်ရှိမည်ဟု ကျွန်တော့်အနေနဲ့ယုံကြည်မိပါတယ်။ မည်သည့်မဏ္ဍိုင်မှာမဆိုပါဝင်နေကြတဲ့ ဝန်ထမ်းများလည်း ဘက်စုံအရည်အချင်းရှိတဲ့လူတော်လူကောင်းဖြစ်ဖို့လည်းလိုပါတယ်။ ဝန်ထမ်းများလည်း အူမတောင့်မှ သီလစောင့်နိုင်မည်ဖြစ်တဲ့အတွက် ဝန်ထမ်းများ လူမှုဘဝပြည့်စုံကြဖို့သည် ကျွန်တော်တို့တစ်တွေတာဝန်များဖြစ်ကြပါတယ်။ သန့်ရှင်းကောင်းမွန်သည့် ပြည်သူယုံကြည်လေးစားသော အစိုးရဖြစ်ဖို့ ကျွန်တော်တို့ကြိုးစားကြရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်သည် နယ်စွန်နယ်ဖျား မငြိမ်းချမ်းသော ဆိုးကျိုးများကြောင့် မြို့နယ်ဖွံ့ဖြိုးရေးသည် တစ်မှပြန်လည်စရမှာဖြစ်ပါတယ်။ ဘက်စုံလိုအပ်ချက်အများအပြားမှတစ်ခုဖြစ်သော မြို့နယ်တရားရုံးဝန်ထမ်းများအိမ်ရာသည် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ပံ့ပိုးငွေ ၁၅၀၀၀ ဖြင့် ထရံကာအင်ဖက်မိုးဆောက်လုပ်ခဲ့သည်ဟု သိရှိရပါတယ်။ အနှစ်နှစ် ဖာထေးပြုပြင်နေလာကြသော်လည်း ယခု မီးဘေး၊ ကျန်းမာရေး မြို့အင်္ဂါရပ်နဲ့မညီသည့်အပြင် ဝန်ထမ်းများစိတ်ဓာတ်ညှိုးနွမ်းနေမရဖြစ်နေပါသဖြင့် ခေတ်နှင့်လျော်ညီသော သင့်တော်သည့် ဆီဆိုင်မြို့နယ်တရားရုံးဝန်ထမ်းများအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်နည်း။

အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ မြို့နယ်ဝန်ထမ်းများနှင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်း အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဆက်လက်ရှင်းလင်းဖြေကြားပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုတင်ပြတဲ့အတိုင်း ပါပဲ။ ကျွန်တော်တို့ ဆီဆိုင်မြို့နယ် တရားရုံးအတွင်းမှာ အလျား ၃၀ ပေ × အနံ ၂၈ ပေရှိတဲ့ အင်ဖက်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဝန်ထမ်းအိမ်ရာ အဆောက်အဦကို မြို့နယ်တရားသူကြီး အစဉ်အဆက်နေထိုင် ခဲ့ပါတယ်။ အဲ့ဒီ အဆောက်အဦရဲ့ အမိုးနှင့် ကြမ်းခင်း၊ ဘေးနံရံတို့ဟာ ဆွေးမြေ့နေတဲ့အတွက် ယာယီအစီအစဉ်အနေနဲ့ အမိုးကိုသွပ်မိုးရန်အတွက်လိုအပ်တဲ့ငွေကို မြို့နယ်တရားရုံးကတင်ပြ တောင်းခံခဲ့ပါတယ်။ တင်ပြတောင်းခံတဲ့အတွက် ၁၄-၀၂ အဆောက်အဦပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်အောက်ကနေပြီးတော့ ရန်ပုံငွေကျပ် ၁၂ သိန်းတိတိကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ချုပ် စာရင်းမှာခွဲဝေချထားပေးရန် ရှမ်းပြည်နယ် တရားလွှတ်တော်က စီစဉ်ထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာတော့ ဆီဆိုင်မြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာအား အလျား ၃၀ ပေ × အနံ ၂၂ ပေ × အမြင့် ၂၄ ပေရှိတဲ့ နှစ်ထပ်အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်ခင်းနဲ့ ပြန်လည်ဆောက်နိုင်ရန်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ် အောက်ကနေပြီးတော့ ဖြည့်စွက်ရန်ပုံငွေတောင်းခံထားရန်စီစဉ်ထားပါကြောင်းနှင့် အဆိုပါ အဆောက်အဦကို ရန်ပုံငွေရရှိတဲ့အခါမှာ ဆက်လက်ဆောက်လုပ်ရန်အတွက် ဆက်လက်ဆောင်ရွက် သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုမေးမြန်းမှုဟာလည်း အင်မတန်ကောင်းပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီရဲ့တွေ့ရှိတင်ပြချက်တွေ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့တွေ့ရှိချက်တွေကို မိမိလွှတ်တော်ဥက္ကဋ္ဌထံရောက်ရှိလာတာတွေရှိ

ပါတယ်။ တရားရေးဝန်ထမ်းများနေထိုင်တဲ့နေအိမ်၊ အဆောက်အဦနှင့် ရုံးသုံးပစ္စည်းများဟာ အင်မတန်မှချို့တဲ့နေတယ်။ လိုအပ်နေတယ်။ အဲ့ဒီအတိုင်းပဲ သွားရေးလာရေးနှင့် ပတ်သက်ပြီးတော့ တချို့ရှိသင့်တဲ့အဆင့်အတန်းနဲ့လိုက်လျောညီထွေမရှိဘူး။ အဲ့လို ရှိနေခြင်းသည်ပင်လျှင် တရားရေး မဏ္ဍိုင်ကြံ့ခိုင်အောင်ဆောင်ရွက်ဖို့လုပ်တဲ့နေရာမှာ လိုအပ်ချက်တစ်ခုဖြစ်တယ်လို့ ဒီလိုပဲဆွေးနွေး တင်ပြတာတွေလည်းရှိပါတယ်။ ဒါကြောင့် ဦးဝင်းကိုမေးတဲ့မေးခွန်းအပေါ် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကဖြေသွားတာလည်း ကောင်းပါတယ်။ ဒီနေရာမှာ တကယ်လိုအပ်နေတဲ့ နေအိမ် အဆောက်အဦ၊ ရုံးသုံးပစ္စည်းများနှင့် အခြားလိုအပ်တာများကိုလည်း အလျင်အမြန် ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါကြောင့် ဒီနေ့စီမံကိန်းငွေရေးကြေးရေးများနှင့် လွှတ်တော်ကို တင်ပြလာတဲ့ကိစ္စများမှာ တကယ်လုပ်ပေးသင့်လုပ်ပေးထိုက်တဲ့ကိစ္စများကို စီမံကိန်းထဲမှာမပါတောင်မှ သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့အစည်းများအနေနဲ့ စေတနာထားပြီးတော့ ဆောင်ရွက်ပေးဖို့ တိုက်တွန်း လိုပါတယ်။ အဲ့လိုဆောင်ရွက်ပေးမှသာ တရားသူကြီးများ၊ တရားရေးဆိုင်ရာအဖွဲ့အစည်းများရဲ့ ဂုဏ်သိက္ခာ၊ အရပ်စကားနဲ့ပြောရမယ်ဆိုရင် လူရိုသေရှင်ရိုသေဖြစ်ပြီး မိမိတို့လည်း ဒီဂုဏ်သိက္ခာ ပေါ်မူတည်ပြီးတော့ တရားရေးမဏ္ဍိုင်ကြံ့ခိုင်အောင်ဆောင်ရွက်သွားမယ့် အနေအထားရှိကြောင်း လည်း ကျွန်တော့်အနေနဲ့ လွှတ်တော်ကို တင်ပြချင်ပါတယ်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်အကြောင်းအရာနှစ်ခုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ လယ်ယာကဏ္ဍနဲ့ပတ်သက်ပြီး တစ်ဆက်တစ်စပ်တည်း မေးခွန်းလေး နှစ်ခု မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများမှာ တရားဝင်ခွင့်ပြုထားချက်မပါရှိသော်လည်း တောင်သူများ လုပ်ပိုင်ခွင့်ရထားသည့် လယ်ယာမြေများအတွင်း ငါးလုပ်ငန်းဦးစီးဌာနခွင့်ပြုချက်ဖြင့် ငါးကန်များတူး၍ ငါးမွေးမြူရေးလုပ်ငန်း များ လုပ်ကိုင်နေခြင်း၊ အချို့သော ကုမ္ပဏီများက မြို့နယ်နှင့် ကျေးရွာအာဏာပိုင်များ၊ မြေစာရင်း ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ နှစ်ဧက၊ သုံးဧကဖြင့် မိရိုးဖလာ မိသားစုလောက်သာ စီးပွားလုပ်နေသည့် လယ်ကွက်တို့ကို အဓမ္မလွှဲပြောင်းပေးခံရမှုများ ရှိနေသည့်အတွက် လယ်သမား

များမှာ လုပ်မှုစီးပွားရေးဒုက္ခများ ခံစားနေကြရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စကို အမြန်ဆုံး ညွှန်ကြားချက်များ ထုတ်ပြန်၍ တောင်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးကို သိလို ပါတယ်။ တစ်ဆက်တစ်စပ်တည်း ဆန်စပါးဈေးနှုန်းနဲ့ ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း၏မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည့်ပြည့်စုံစုံ ဖြေကြားသွားပါတယ်။ သို့ပေမယ့် အရန်ဆန်များကို တင်ဒါစနစ်ဖြင့် ဝယ်ယူသောကြောင့် လယ်သမားများ ဈေးနှိမ့်၍ ဝယ်ယူနေရမည့် အခြေအနေ ဖြစ်ပေါ်လာနိုင်မည်ကို စဉ်းစားသင့်ပါတယ်။

တတိယမေးခွန်းအနေနဲ့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၄၈ ၏ နည်းဥပဒေခွဲ(ခ)အရ လယ်မြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခြင်းပြုရာတွင် အစိုးရဘဏ် သို့မဟုတ် အစိုးရက သတ်မှတ်ထားသော ဘဏ်တစ်ခုခု၌ လုပ်ပိုင်ခွင့်လက်မှတ်မူရင်းကို ပေးအပ်၍ ပေါင်နှံရမည်ဟု ပါရှိပါတယ်။ တဖန် ပုဒ်မ ၄၈ ပုဒ်မခွဲ(ဂ) ယင်းသို့ ပေါင်နှံရာ၌ လက်ခံသည့်ဘဏ်မှ တာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန် လယ်မြေ ပေါင်နှံသည့်စာချုပ် ချုပ်ဆိုရမည်ဟုလည်း ပါရှိပါတယ်။ ဒီနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများက အစိုးရဘဏ်ခွဲများ ကျေးရွာအုပ်စုတိုင်း၌ ရှိရပါမယ်။ ယခုမရှိသေးပါ။ ထို့အပြင် အစိုးရက သတ်မှတ်ထားသော အခြားဘဏ်တစ်ခုခုဟု ဆိုရာတွင်လည်း ယခုတိုင် မည်သည့်ကျေးရွာအုပ်စုတွင် မည်သည့်ဘဏ်တို့မှ ပေါင်နှံနိုင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းခြင်းမျိုး မတွေ့သေးပါ။ စိုက်ပျိုးစရိတ် ချေးငွေသက်သက်ဖြင့် လယ်ယာစိုက်ပျိုးစရိတ်မလုံလောက်သော တောင်သူများကို မိမိတို့ကျေးရွာ အုပ်စုတွင် အတိုးနှုန်းသက်သာစွာဖြင့် နည်းဥပဒေပါအတိုင်း အလွယ်တကူ ပေါင်နှံနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါတယ်။ စတုတ္ထမေးခွန်းအနေနဲ့ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆန်စပါး ဈေးကွက်သည် အာဖရိကတိုက်တွင် အစဉ်အလာ နေရာရရှိထားခဲ့ပါတယ်။ ယခုအခါ ဘရာဇီး၊ အိန္ဒိယ၊ တောင်အာဖရိကနိုင်ငံတို့သည် အာဖရိကဆန်ဈေးကွက်သို့ ဝင်ရောက်နေပြီဖြစ်၍ မြန်မာ့နိုင်ငံတကာဆန်ဈေးကွက်သည် အာဖရိကသို့ ပုံမှန်ဆန်တင်ပို့နေရာမှ အပြိုင်ရောင်းချရတော့ မည့်အနေအထားသို့ ရောက်ရှိလာသည်ကို တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ဆန်ဈေးကွက်ခွဲတမ်း လျော့နည်းကျဆင်းနေသည်ဖြစ်ပြီး အဆိုပါ နိုင်ငံတကာဆန်ဈေးကွက် အနေအထားကို ချင့်တွက်၍ ဆင်းရှေလီဆန်အမျိုးအစားဖြင့် နိုင်ငံတကာဆန်ဈေးကွက်ကို ရေရှည်ထိုးဖောက်လာနိုင်မည်လား၊ ကမ္ဘာ့ထိပ်တန်းဝင်ဆန်စာရင်းဖြစ်သော ပေါ်ဆန်းမွှေးကို အဓိကနေရာတွင်ထားပြီး အဓိကပို့ကုန်

အဖြစ်လျာထားမည်ဆိုပါက ဆင်းရွှေလီထက်ပိုရမည်ဖြစ်၍ တောင်သူလယ်သမားများလည်း ပို၍ ဈေးကောင်းရနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ စိုက်စရိတ်ချင်းတွင် ထူး၍မကွာဘဲ ဈေးကောင်းပိုနိုင်သည့် အထက်တန်းစားဆန်တင်ပို့ရေး ရည်ရွယ်လျာထားချက် ရှိပါသလားကို သိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ လယ်ယာမြေအတွင်း ငါးကန်တူးဖော်၍ ငါးမွေးမြူခြင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဦးစွာရှင်းလင်း တင်ပြပါမယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)အဖြစ် နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၂) ဖြင့် လယ်ယာမြေဥပဒေသည် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ နေ့တွင် လယ်ယာမြေဥပဒေပုဒ်မ ၂ အရ စတင်အာဏာတည်သည်ဟု သတ်မှတ်ခဲ့ပြီးဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ဖြင့် လယ်ယာမြေနည်းဥပဒေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂) အဖြစ် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော နိုင်ငံသားအားလုံး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(က) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ

အမှတ် (၆၂/၂၀၁၂) ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂) နှင့် (၂/၂၀၁၂) တို့ဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့က ဥက္ကဋ္ဌအဖြစ် ပါဝင်သော နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့ကို ဖွဲ့စည်းပေးခဲ့ပြီး ၎င်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးခွန်းတွင် ဖော်ပြပါရှိသည့် လယ်ယာမြေများအတွင်း ငါးလုပ်ငန်းဦးစီးဌာန ခွင့်ပြုချက်ဖြင့် ငါးကန်များတူးဖော်၍ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေခြင်းနှင့်ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုပေးခြင်းမဟုတ်ဘဲ လက်ရှိ ငါးမွေးကန် ဖြစ်ပေါ်နေပြီး အမှန်တကယ် ငါးမွေးနေသူများကို ငါးမွေးမြူခြင်းဆိုင်ရာဥပဒေပုဒ်မ ၇ နှင့် ပုဒ်မ ၉ တို့အရ နိုင်ငံတော်သို့ ပေးသွင်းရမည့်အခွန်၊ လိုင်စင်ခနှင့် ရက်လွန်ကြေးတို့ကို ကောက်ခံခြင်း သာဖြစ်ကြောင်းကို သိရှိရပါတယ်။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်အတွက် လယ်ယာ မြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)အရ လယ်မြေတွင် အခြားနည်းဖြင့် အသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှသာ ခွင့်ပြုနိုင်ပါသည်။ လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)အရ လယ်မြေမှတစ်ပါး လယ်ယာမြေများတွင် အခြားနည်းအသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုနိုင်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၁၂ အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေကို ခွင့်ပြု မိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရန် စည်းကမ်းချက်သတ်မှတ်ထားရှိပါတယ်။ ထို့ကြောင့် လယ်ယာမြေပေါ်တွင် သီးနှံစိုက်ပျိုးမှုမဟုတ်ဘဲ ငါးမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်လိုပါက ခွင့်ပြုမိန့် မရရှိရန်အတွက် လျှောက်ထားရယူရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းတွင်ပါရှိသည့် လယ်ယာမြေကို ငါးမွေးမြူရေးကန်တူးဖော် အသုံးပြုခြင်း အပါအဝင် အခြားနည်းဖြင့် အသုံးချခြင်းများအတွက် အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ် သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေများတွင် လုပ်ထုံးလုပ်နည်းများ တိကျစွာပြဋ္ဌာန်းထားပြီး

ဖြစ်သည့်အပြင် ကြီးကြပ်ဆောင်ရွက်ရန်လည်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အား တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းတွင် ဖော်ပြပါရှိသည့် လယ်ကွက်တို့ကို အဓမ္မလွှဲပြောင်း ပေးခံရမှုများအတွက် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်၍ တောင်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ပါမည်လား မေးခွန်းနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေပုဒ်မ ၂၆ အရ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့် လယ်ယာမြေနှင့် ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်း အပါအဝင် မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့်ကိစ္စရပ်များအတွက် နစ်နာမှုလုံးဝမရှိစေရန် လျော်ကြေးပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ လယ်ယာမြေနည်းဥပဒေ ၆၈ နည်းဥပဒေခွဲ(က)အရ လယ်ယာမြေသိမ်းယူခြင်းခံရသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ နစ်နာမှုမရှိစေရေးအတွက် နစ်နာကြေး၊ လျော်ကြေးပေးခြင်းနှင့် အခြားသင့်လျော်သောနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိသဖြင့် တိုင်ကြားမှုပေါ်ပေါက်လာလျှင် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ညီညွတ်စွာ ပြီးပြတ်အောင် စိစစ်ဆုံးဖြတ်ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်နှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စွာဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်ပါဝင်သော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆိုင်ရာ ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့က လယ်ယာမြေ မြေပြင်ပကတိအခြေအနေမှန်နှင့် တိုက်ဆိုင်စိစစ်ပြီး ဥပဒေနှင့်အညီ မှန်ကန်တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျန်တဲ့အရန်ဆန်ကိစ္စနဲ့ ပတ်သက်လို့ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေဆိုသွားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ထပ်မံဖြေဆိုရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**၂၀၁၃ ခုနှစ် မိုးစပါးချေးငွေများ ထုတ်ချေးရာတွင် ၂၀၁၂ ခုနှစ် ချေးယူထားငွေများအတွက် စိစစ်ကာ ဆပ်/ချေးစနစ်ဖြင့် ထုတ်ချေးပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဝင်း(ပန်းတောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ မင်္ဂလာပါလို့ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ၂၀၁၂ ခုနှစ် မိုးစပါးချေးငွေကိုပြန်လည်ဆပ်တဲ့အခါမှာ ဆပ်/ချေးစနစ်နဲ့ ချေးပေးနိုင်ခြင်း ရှိ၊ မရှိဆိုတဲ့ ကိစ္စကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ရာသီမှာ နိုင်ငံတော်ကနေပြီးတော့ မိုးစပါးအတွက်စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးခဲ့ပါတယ်။ မိုးနှောင်းကာလမှာ ရာသီဥတုမမှန်တဲ့အတွက်ကြောင့်မို့လို့ အောင်ရေမရရှိဘဲနဲ့ စပါးအထွက်နှုန်းဟာ ကျဆင်းခဲ့ရပါတယ်။ အချို့လယ်များဆိုလို့ရှိရင် တစ်ဧကကို အလွန်ဆုံး ၂၀ တင်းလောက်ပဲထွက်ပြီးတော့ တချို့လယ်ဆိုလို့ရှိရင် နွားစာလောက်ပဲရိတ်ရတဲ့သဘောမှာရှိပါတယ်။ စိုက်ပျိုးစရိတ်ငွေများကို ပြန်လည်ပေးဆပ်ရန် လယ်သမားတွေမှာ အခက်အခဲရှိနေတာကိုလည်းတွေ့ရပါတယ်။ ဒီလယ်တွေဟာ မိုးတစ်သီးသာ စိုက်ပျိုးနိုင်တဲ့လယ်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချေးငွေကို ပြန်လည်ပေးဆပ်ရေးမှာ များစွာ အခက်အခဲကြုံတွေ့နေရတာကို တောင်သူများနဲ့တွေ့ရှိတဲ့အခါမှာ တင်ပြလာတာကို သိခဲ့ရပါတယ်။ ဒီလိုအတွေ့အကြုံမျိုးကိုလည်းပဲ ဥက္ကဋ္ဌကြီး နယ်ဆင်းတဲ့အခါမှာလည်း တွေ့ရှိခဲ့ရကြောင်းကြားသိခဲ့ရပါတယ်။ သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ တစ်မြို့နယ်တည်းတင် မဟုတ်ပါဘူး။ ပြည်မြို့နယ်၊ သဲကုန်းမြို့နယ် ကျွန်တော်တို့နှင့် နီးစပ်နေတဲ့ မြို့နယ်တွေမှာ ဒီလိုပဲ အခက်အခဲတွေရှိနေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တောင်သူများရဲ့ကိုယ်စား တင်ပြမေးမြန်းလိုတာကတော့ လက်ရှိကြုံတွေ့နေရတဲ့အခက်အခဲများ အဆင်ပြေစေရေးအတွက် ၂၀၁၃ ခုနှစ် မိုးစပါးချေးငွေများကို ထုတ်ချေးရာတွင် ၂၀၁၂ ခုနှစ်က ချေးယူထားသော ချေးငွေများအတွက် စိစစ်ကာ ဆပ်/ချေးစနစ်ဖြင့် ထုတ်ချေးဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိ သို့မဟုတ်ပါက တောင်သူလယ်သမားများရဲ့အခက်အခဲများကို အခြားဖြေလျှော့မှုများနှင့် ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး ကျွန်တော်ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ အလားတူမေးခွန်းနဲ့ ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်း၏မေးခွန်းကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ယခု ပိုမိုနားလည် သဘောပေါက်စေရန်အတွက် ထပ်မံရှင်းလင်းဖြေကြားပါမယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မိုးစပါးချေးငွေများမှာ နှစ်ချင်းဆပ်ချေးငွေများဖြစ်၍ ရာသီအလိုက်သတ်မှတ်သည့်ကာလတွင် ပြန်လည်ပေးဆပ်ရပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မတည်ရင်းနှီးငွေတစ်ခုတည်းဖြင့် ငွေချေးရန် မလုံလောက်သောကြောင့် နှစ်စဉ်နှစ်တိုင်းလိုပင် မြန်မာ့စီးပွားရေးဘဏ်မှ အတိုးဖြင့် ငွေချေးယူပြီး တောင်သူလယ်သမားများသို့တစ်ဆင့် ပြန်လည်ထုတ်ချေးပေးနေခြင်းဖြစ်ပါတယ်။ ထိုချေးယူငွေများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်သို့ သုံးလပတ်တစ်ကြိမ် အတိုးပေးသွင်းရပါတယ်။ တောင်သူလယ်သမားများထံမှ ၂၀၁၂ ခုမိုးချေးငွေများ အပြည့်အဝပြန်လည် ကောက်ခံရရှိမှသာလျှင် မြန်မာ့စီးပွားရေးဘဏ်သို့ ငွေရင်းနှင့်တကွ ကျသင့် သောအတိုးကို အချိန်မီပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ပါတယ်။ မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဘဏ် ၁၉၉၀ နည်းဥပဒေ အခန်း(၆) ပုဒ်မ ၂၉ အရ ဘဏ်ကထုတ်ချေးပေးသော မည်သည့်ချေးငွေ မျိုးကိုမဆို ချေးယူသူက အချိန်မှန်မှန်ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် ဘဏ်သည် ယင်းပျက်ကွက်သူအား ချေးငွေသစ်များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားရမည်ဟု ဖော်ပြပါရှိသဖြင့် နောက်ထပ်ချေးငွေအသစ် ထပ်မံထုတ်ချေးပေးနိုင်ရန်အတွက်မူ ချေးငွေ အဟောင်းကို ပြေကျေအောင် ပြန်လည်ပေးဆပ်ပြီးသည့် ကာလမှသာ စီစဉ်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါတယ်။ ယမန်နှစ်ကလည်း ယခုကဲ့သို့ပင် သီးနှံပျက်စီးမှုများ ရှိခဲ့သော်လည်း လယ်သမားများမှ မိုးစပါးချေးငွေကို ပြေကျေအောင် ပေးဆပ်ပြီးမှသာ ထပ်မံထုတ်ချေးပေးခြင်းဖြစ်ပါတယ်။ အစု အဖွဲ့အလိုက် ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးပေးသဖြင့် တစ်ဦးချင်းပြေကျေရုံသာမက အစုအဖွဲ့အလိုက် ပြေကျေရန်လည်း လိုအပ်ပါ

တယ်။ အထူးကိစ္စရပ်အနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ထူးခြားအခြေအနေများအရ အမှန်တကယ်ထူးခြားအခက်အခဲကြုံတွေ့နေရသည့် မြို့နယ်၊ ကျေးရွာအချို့တို့ကို ခြွင်းချက်အနေဖြင့် ယမန်နှစ်နည်းတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ထောက်ခံတင်ပြလာပါက ညှိနှိုင်းကာလသတ်မှတ်ချက်ဖြင့် နောက်ဆုတ်၍ ပေးဆပ်နိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းအားနိုင်ငံအဝန်းဆောင်ရွက်နေရသော ဝန်ဆောင်မှုဖြစ်၍ နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရေးနှင့်အချိန်မီပြန်လည်ကောက်ခံရရှိရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်၍ သိရှိနားလည်ပေးနိုင်ပါရန်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဝေါမြို့နယ်ရှိ ပကိုင်တာကြီးအား အကြီးစားပြုပြင်မှုပြုလုပ်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ** ။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံးကိုမင်္ဂလာပါလို့ လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ တောင်သူလယ်သမားများအရေးကို ဦးစားပေးဆောင်ရွက်လာတာကို တွေ့ရတဲ့အတွက် အထူးပဲဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ပါတယ်။ အများစုဖြစ်တဲ့ လယ်သမားများ ချမ်းသာလို့ရှိရင် လယ်သမားများဖွံ့ဖြိုးတိုးတက်လာလို့ရှိရင် တိုင်းပြည်လည်းဖွံ့ဖြိုးတိုးတက်လာမှာ၊ ချမ်းသာလာမှာပဲဖြစ်ပါတယ်။ အခုလိုအပေါ်ထပ် အဆောက်အအုံမူဝါဒတွေပြောင်းလဲလာသလိုပဲ အောက်ခြေတောင်သူလယ်သမားများ တစ်ဦးချင်းစီထိ အကျိုးသက်ရောက်မှုများ မှန်မှန်ကန်ကန်ရှိဖို့စနစ်တကျစီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးပါလို့လည်း ထပ်မံအကြံပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရှိ စစ်တောင်းမြစ်ရေကြီးမှုကိုကာကွယ်ပေးတဲ့ ပကိုင်တာကြီးဟာ ယခုနှစ်မိုးရာသီ မိုးရွာသွန်းတာများတာကြောင့် ကျိုးလုကျိုးခင်ဖြစ်ခဲ့ရပြီးတော့ လူထုအားနဲ့ကာကွယ်ခဲ့ရတယ်လို့သိရှိရပါတယ်။ အဲဒီပကိုင်တာကြီးဟာ ၁၉၉၇ ခုနှစ်မှာ ကျိုးပေါက်ခဲ့လို့ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နဲ့ ကဝမြို့နယ်တို့မှာအကြီးအကျယ် ရေကြီးနစ်မြုပ်ခဲ့ရပါတယ်။ လူနဲ့တိရစ္ဆာန်တွေများစွာ

သေကျေပျက်စီးခဲ့ရပါတယ်။ လယ်ဧကပေါင်းများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အထက်မှာရှိတဲ့ ပကိုင်တာကျိုးလို့ရှိရင် အောက်မှာရှိတဲ့ ဝေါအပါအဝင် သနပ်ပင်၊ ကဝတို့ပါ အကျိုးပျက်စီးကြရပါတယ်။ ဒဏ်ခံကြရပါတယ်။ အခုအခါမှာ ပကိုင်တာကြီးရဲ့ကြံ့ခိုင်မှုအားနည်းလာနေတဲ့အတွက် မိုးတွင်းကာလမိုးများစွာရွာသွန်းတဲ့အခါမှာ ဝေါမြို့နယ်ပကိုင်တာအောက်ပိုင်းမှာရှိတဲ့ ကျေးရွာများမှာ ရင်တမမနဲ့ အစိုးရိမ်ကြီးစွာရှိကြရပါတယ်။ သနပ်ပင်မြို့နယ်နဲ့ ကဝမြို့နယ်မှာရှိတဲ့ ပြည်သူများပါ ပကိုင်တာကြီးကျိုးပေါက်၍ ရေကြီးရေလျှံဖြစ်မှာကို စိုးရိမ်နေကြရပါတယ်။ သို့ပါ၍ ကျွန်တော် မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရှိ ပကိုင်တာကြီးအား အကြီးစားပြုပြင်မှု ပြုလုပ်ရန်အစီအစဉ်ရှိ၊ မရှိသိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်ပေးမည်ကို ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦး၏ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရှိ ပကိုင်တာကြီးအား အကြီးစားပြုပြင်မှုပြုလုပ်ရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းဖြေကြားပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း တည်ရှိသော ပကိုင်တာသည် အလျား ၁၇ မိုင် ၄ ဖာလုံရှိပြီး အကျိုးပြုရေဘေးဧရိယာ ၉၇၁၅၈ ဧက ဖြစ်ပါတယ်။ ပကိုင်တာမှာ ပဲခူး- စစ်တောင်းတူးမြောင်း စတင်တည်ဆောက်စဉ်ကာလ ၁၈၇၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး နှစ်ပေါင်း ၁၃၅ နှစ်ခန့် ကြာမြင့်ပြီဖြစ်၍ စီမံကိန်းအသွင်ဖြင့် အဆင့်မြှင့် ပြုပြင်မွမ်းမံမည်ဆိုပါက လျော်ကန်သင့်မြတ်ပါတယ်။ သာမန်ထိန်းသိမ်းပြုပြင်မှုများကို အခါအားလျော်စွာ ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိအခြေအနေအရ ပကိုင်တာ၏အထက်ဘက်တွင် ယခင်ကာလက တည်ဆောက်နိုင်ခြင်းမရှိသော ပဲခူးရိုးမအရှေ့ခြမ်း ရေလှောင်တမံများဖြစ်သည့် ပျဉ်ပုံကြီး၊ ဝါးကတုတ်၊ ဘောနီ၊ ကောလိယ၊ ဘိုင်းဒါး စသောရေလှောင်တမံများနှင့် ပဲခူးမြစ်၏ လက်တက်ချောင်းများပေါ်တွင် ဇောင်းတူ၊ ကိုဒူကွဲ၊ စလူ၊ ရွှေလောင်းစသော ရေလှောင်တမံများကို တည်ဆောက်ပြီးစီးခဲ့ပြီး၊ မိုးရာသီတစ်လျှောက် ပဲခူးမြစ်နှင့် စစ်တောင်းမြစ် များသို့စီးဝင်မည့်ရေများကို

သို့လှောင်ထိန်းသိမ်း ထားနိုင်ပြီဖြစ်၍ ယခင်ကာလကဲ့သို့ မိုးရာသီ ရေကြီးရေလျှံမှုဖြစ်ပေါ်ရန် အလားအလာလွန်စွာနည်းပါးသွားပြီ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ပိုမို၍ ဦးစားပေးဆောင်ရွက်ရမည့် ဆည်မြောင်း၊ တာတမံလုပ်ငန်းများဆောင်ရွက်နေရသဖြင့် လတ်တလောတွင် ပကိုင်တာကြီးအား အကြီးစားပြုပြင်ပြုလုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သုံးခွမြို့နယ်ရှိ ရေထိန်းတံခါး ၃ ခု၏ ရေထိန်းတံခါးများအား လျှပ်စစ်မော်တာဖြင့် ခလုတ်တစ်ချက်နှိပ်ရုံမျှဖြင့် ပိုလျှံရေများကို နာရီပိုင်းအတွင်း အကုန်အစင် စီးဆင်းသွားအောင် ခေတ်မီယန္တရားများ တပ်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ တင်ပြမေးမြန်းလိုတာကတော့ သုံးခွမြို့နယ်မှာ လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်က တည်ဆောက်ခဲ့တဲ့ ရေငန်တားရေထိန်းတမံ ၃ ခုနဲ့ ပတ်သက်ပြီးတော့မှ ဒေသခံ ပြည်သူလူထုရဲ့ လိုလားချက်များကို မေးခွန်းဖြင့် တင်ပြတောင်းဆိုသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်မှာ ပင်လယ်ရေငန်ရေတွေကို တားပြီးတော့မှ ရေချိုတွေကိုထိန်းပေးနိုင်ဖို့အတွက် ရေတံခါး ၃ ခု လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်ကတည်ဆောက်ခဲ့ပါတယ်။ အဲဒီရေတံခါး ၃ ခုကတော့ သုံးခွရေထိန်းတံခါး၊ တစ်ကောရေထိန်းတံခါးနှင့် ကဒပ္ပနရေထိန်းတံခါးဖြစ်ပါတယ်။ အဲဒီရေထိန်းတံခါး ၃ ခုနဲ့ ဆက်စပ်နေတဲ့ ကျေးရွာဟာ ၃၇ ရွာရှိပါတယ်။ ရေထိန်းတံခါးတွေနဲ့ ပတ်သက်ပြီးတော့မှ ဒီနေ့မှာတော့ ပြည်သူလူထုဟာအခက်အခဲတွေနဲ့ တွေ့ကြုံပြီးတော့မှ ဒီရေထိန်းတံခါးတွေကို ဖြုတ်သိမ်းစေချင်တဲ့ ဆန္ဒတွေ အတော်လေးပြင်းပြနေတာကို မြေပြင်မှာသွားရောက်လေ့လာတဲ့အခါမှာ သိရှိရပါတယ်။ အဓိကကတော့ ဒီရေထိန်းတံခါး ၃ ခုကို တည်ဆောက်တဲ့အခါမှာ ရေသွင်းရေထုတ်စနစ်ကို ခေတ်မီအောင်ဆောင်ရွက်ထားတာမရှိဘူး။ နောက်တစ်ချက်က အဓိကပိုကျတဲ့အချက်

ကတော့ ဒေသခံပြည်သူလူထုတွေရဲ့ လူမှုစီးပွားရေးဘဝကို ထည့်သွင်းတွက်ချက်ပြီးတော့မှ တည်ဆောက်ထားတာ မဟုတ်ဘူးဆိုတာကို စိစစ်တွေ့ရှိရပါတယ်။ ဒီရေထိန်းတံခါးတွေမှာ တစ်ခုတစ်ခုကို ရေတံခါး ၂၁ ပေါက်စီပါပါတယ်။ ရေထိန်းတံခါးတစ်ပေါက် ဟာ ၈ ပေကျယ်ပြီးတော့မှ ၁၂ ပေမြင့်ပါတယ်။ ဒီ ရေတံခါးတွေကိုဖွင့်ဖို့ ပိတ်ဖို့ဆိုလို့ရှိရင် လူအားနဲ့ မတင်ရပါတယ်။ လူအားနဲ့ မတင်တဲ့အခါမှာ သဲတွေ နုန်းတွေ ကိုက်နေတဲ့အတွက် ရိုးရိုးမရဘဲနဲ့ Chain Block နဲ့ မတင်ရပါတယ်။ ဒီလို Chain Block နဲ့မတင်တဲ့အခါမှာ တစ်ပေအပေါ်မြင့်တက်ဖို့အတွက် ၁၆၅ ပတ်လှည့်ရပါတယ်။ အဲတော့ ရေထိန်းတံခါးပေါက်တစ်ခု လုံးလုံးပွင့်သွားဖို့ဟာ အပတ်ပေါင်း ၁၉၈၀ လှည့်မှ ရေထိန်းတံခါးပေါက်တစ်ခုဟာ လုံးဝပွင့်ပါတယ်။ အဲဒါမျိုး ရေထိန်းတံခါးပေါက် အပေါက်ပေါင်းဟာ ၂၁ ပေါက်ရှိပါတယ်။ နောက် မိုးရေရွာလို့ မိုးရွာလို့ မိုးရေချောင်းလုံးပြည့်လာရင် ပြည့်လျှံလာတဲ့ အချိန်မှာ ဖွင့်ဖို့လိုအပ်လို့ဖွင့်တဲ့အခါမှာ လေးငါးရက်ကြာမှ ဒီတံခါးအားလုံးက ဖွင့်လို့ရတဲ့အနေအထားမျိုးကို ရောက်ပါတယ်။ တစ်ခါတစ်ရံကျတော့လည်း အဲဒီရေကြီးရေလျှံတဲ့အချိန်မှာ ငါးဖမ်းတဲ့ အဖွဲ့တွေကို ငဲ့ပြီးတော့မှမဖွင့်ဘဲထားတာတို့ ဘာတို့ရှိပါတယ်။ အဲဒီတော့ ဒီရေထိန်းတံခါးဟာ ရေကိုမထိန်းထားနိုင်တဲ့အတွက် ရေကြီးပြီးတော့မှ စိုက်ပျိုးထားတဲ့ စပါးစိုက်ဧကထောင်ချီ ပျက်စီးတယ်။ အကြိမ်ကြိမ် ပြန်စိုက်ရတဲ့အတွက် အကြိမ်ကြိမ်ကုန်ကျစရိတ်တွေများပြီးတော့မှ လယ်သမားတွေအတွက် အခက်အခဲတွေ ဖြစ်ရပါတယ်။ အရေးကြီးဆုံးတစ်ချက်ကတော့ သုံးခွမြို့နယ်ဟာ ကျန်တဲ့မြို့နယ်တွေလိုပဲ မြို့နဲ့ ရွာနဲ့ဆက်သွယ်ဖို့ဟာ မြေသားလမ်းတွေပဲ အများဆုံးရှိပါတယ်။ အဲဒီမြေသားလမ်းတွေဟာလည်း မိုးရာသီမှာ အသုံးပြုမရတဲ့အတွက် မိုးရာသီမှာ ရေကြောင်းလမ်းကိုပဲ အသုံးပြုပြီးတော့မှ သွားလာပြီးတော့ ကုန်စည်စီးဆင်းမှုတွေလုပ်ရတယ်။ လူနာတွေကိုပို့ဆောင်တာတွေလုပ်ရတာ ဖြစ်ပါတယ်။ အခုဒီ ရေထိန်းတံခါးသုံးခု ဆောက်လိုက်တဲ့အတွက် ရေလမ်းကြောင်း ပြတ်တောက်သွားပြီးတော့မှ မိုးတွင်းမှာ မြို့နယ်တွေဟာ မြို့နဲ့ဆက်သွယ်ဖို့ဟာ ကုန်စည်စီးဆင်းမှုရော အခြားလူမှုရေးအရ လူမမာတွေကို ဆေးရုံပို့ဖို့ရောအစရှိတဲ့ အခက်အခဲတွေအများကြီး ဖြစ်ရပါတယ်။ နှစ်စဉ်မိုးတွင်းကာလရောက်တိုင်းမှာ ဒီ ရေထိန်းတံခါး ၃ ခုနဲ့ ဆက်စပ်နေတဲ့ ကျေးရွာက ရွာသူရွာသားတွေဟာ သူတို့တွေ့ကြုံခံစားနေရတဲ့အခက်အခဲတွေကို မဖြစ်မနေထိထိရောက်ရောက်ဖြေရှင်းပေးဖို့ လိုအပ်လာပြီလို့ ကျွန်တော်တို့ကို တင်ပြပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း သွားကြည့်တဲ့အခါမှာ ဒီရေထိန်းတံခါးတွေဟာ ဖွင့်တာပိတ်တာကို ပုံမှန်မလုပ်တဲ့အတွက် ချောင်းတွေဟာ ကောပြီးတော့မှ နုန်းတွေနဲ့ပြည့်နေတာကို မျက်မြင်ကိုယ်တွေ့တွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့်မို့လို့

ဒေသခံပြည်သူလူထုရဲ့ အခက်အခဲကို ထိထိရောက်ရောက်မဖြစ်မနေ ဖြေရှင်းဆောင်ရွက်ပေးမယ်လို့ မျှော်လင့်ပြီးတော့မှ ပြည်သူလူထုရဲ့ လိုလားချက်များကို မေးခွန်းအဖြစ် အောက်ပါအတိုင်း မေးမြန်းလိုပါတယ်။ မေးခွန်းနံပါတ် (၁) ရေထိန်းတံခါးများကို လျှပ်စစ်မော်တာဖြင့် ခလုတ်နှိပ်ပြီးတော့မှ ရေထွက်ပေါက် ၂၁ ပေါက်စလုံး ၁၂ ပေအထိ ချက်ခြင်းမြှင့်တင်ပြီး ပိုလျှံရေများကို နာရီပိုင်းအတွင်း အကုန်အစင် စီးဆင်းသွားအောင်လို့ ယန္တရားတွေ တပ်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါတယ်။ မေးခွန်းနံပါတ် (၂) မိုးတွင်းကာလမှာ ရေယာဉ်တွေ ဖြတ်သန်းသွားနိုင်ဖို့အတွက် တင်ပြပါ ရေထိန်းတံခါးသုံးခုကို ဖြတ်သန်းပြီးတော့သွားနိုင်အောင်လို့ ရေကြောင်းလမ်းကြောင်းတစ်ခု ဖန်တီးဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနံပါတ် (၃) ရေထိန်းတံခါးများကို ဒေသခံလူထုအကျိုးအတွက် အချိန်နှင့်တပြေးညီ ဖွင့်ပိတ်ခြင်း ဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူ့ကိုယ်စားလှယ်တွေ ရပ်မိရပ်ဖတွေ ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့ကနေပြီးတော့မှ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအနေနဲ့ ကြီးကြပ်ပြီးတော့မှ စီမံဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ။ မေးခွန်းနံပါတ် (၄) နိုင်ငံတော်ရဲ့ ရည်မှန်းချက်နဲ့ လက်တွေ့ဖြစ်ပေါ်နေမှုကို ဆန့်ကျင်ပြီးတော့မှ ဆယ်စုနှစ်တစ်ခုကျော်တဲ့အထိ ရေထိန်းတံခါးအတွင်းမှာ ရေထိန်းတံခါးရဲ့အပြင်မှာ ရေငန်များသာ ဖြစ်ပေါ်နေပြီး မူလရည်မှန်းချက်အတိုင်း ရေချိုသိုလှောင်နိုင်မှုမရှိခြင်း၊ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေး၊ ကုန်စည်စီးဆင်းရေးတို့အတွက် အနှောင့်အယှက်သဖွယ်ဖြစ်နေတဲ့ ဒီရေထိန်းတံခါး ၃ ခုကို အထက်တင်ပြတဲ့အချက် ၃ ချက် ဆောင်ရွက်ပေးနိုင်မှု မရှိဘူးဆိုလို့ရှိရင် ပြန်လည်ဖြုတ်သိမ်းပေးဖို့ နယ်မြေခံလူထုက လိုလားနေတဲ့အတွက် ပြည်သူလူထုရဲ့ လိုလားချက်နဲ့အညီ ဒီရေထိန်းတံခါး ၃ ခုကို ပြန်လည်ဖျက်သိမ်း ဖြုတ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏ မေးမြန်းချက်များနဲ့ ပတ်သက်ပြီး ကျွန်တော်တစ်ချက်ခြင်း ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ရေထိန်းတံခါးများ တည်ဆောက်အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက် ၃ ရပ်ကို ဦးစွာတင်ပြလိုပါတယ်။ ပထမရည်ရွယ်ချက်ကတော့ မိုးရာသီပင်လယ်ရေကျချိန်တွင် ကွင်းအတွင်းရှိ

ပိုလျှံရေများကို ရေထိန်းတံခါးမှ ရေထုတ်ပေးခြင်းဖြင့် လယ်မြေများရေကြီးနစ်မြုပ်မှုကို ကာကွယ်စေရန် ဖြစ်ပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် ဆားငန်နုန်းများ လယ်ယာမြေများအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်စေရန် ဖြစ်ပါတယ်။ တတိယရည်ရွယ်ချက်ကတော့ မိုးနှောင်းရာသီတွင် ချောင်းအတွင်း ရေချိုထိန်းသိမ်းသိုလှောင်ထားစေရန်စတဲ့ ရည်ရွယ်ချက်သုံးချက်နဲ့ ရေတံခါးများကို တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ရေထိန်းတံခါးများအား လျှပ်စစ်မော်တာဖြင့် ခလုတ်တစ်ချက်နှိပ်ရုံမျှဖြင့် ရေထွက်ပေါက် ၂၀ ပေါက်လုံး ၁၂ ပေအထိ ချက်ချင်းမြှင့်တင်ကာ ပိုလျှံရေများကို နာရီပိုင်းအတွင်း အကုန်အစင် စီးဆင်းသွားအောင် ခေတ်မီယန္တရားများ တပ်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း ဖြစ်ပါတယ်။ မိုးရာသီ တစ်လျှောက်ကွင်းအတွင်းဘက်မှ ပိုလျှံရေများကို ရေထိန်းတံခါးများတွင် တပ်ဆင်ထားသည့် ရေတံခါးရွက်၊ Flap Gate များမှတစ်ဆင့် ဒီရေကျချိန်တွင် ထုတ်နုတ်ပေးပါတယ်။ ရေတံခါးရွက်များကို ဒီရေအတက်အကျသဘာဝဖြစ်စဉ်အပေါ်အခြေခံ၍ အတွင်းဘက်ရေအားဖြင့် အလိုအလျောက် တွန်းဖွင့်ရေထုတ်နိုင်ရန် ဒီဇိုင်းပုံစံတွက်ချက်တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

ရေထိန်းတံခါးများ တည်ဆောက်ခဲ့စဉ်ကာလက ၎င်းဒေသများတွင် လျှပ်စစ်မီးမရရှိသေးပါ။ တည်ဆောက်ပြီးစီးခဲ့သည့် ယခုအချိန်တွင်လည်း လျှပ်စစ်မီးမရရှိသေးပါ။ ရေထိန်းတံခါးများကို ကာလဒေသအခြေအနေနှင့် ကျွမ်းကျင်မှုအရ အကောင်းဆုံး တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဖြစ်စေလိုသည့် ရေထိန်းတံခါးများအား လျှပ်စစ်မော်တာဖြင့် ခလုတ်တစ်ချက်နှိပ်ရုံမျှဖြင့် ရေထွက်ပေါက် ၁၂ ပေါက်လုံး ၁၂ ပေ အထိ ချက်ချင်းမြှင့်တင်ကာ ပိုလျှံရေများကို နာရီပိုင်းအတွင်း အကုန်အစင် စီးဆင်းသွားအောင် ခေတ်မီယန္တရားများ တပ်ဆင်ခြင်းကို အဆိုပါဒေသသို့ လျှပ်စစ်ဓာတ်အား ရောက်ရှိချိန်တွင် လိုအပ်ချက်အပေါ်မူတည်၍ ပြုပြင်ဆောင်ရွက်ပေးသင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြပါမယ်။ မိုးတွင်းကာလ ရေယာဉ်များအနေဖြင့် တင်ပြပါရေတံခါး ၃ ခုကို ဖြတ်သန်း၍ သွားလာနိုင်အောင် ရေလမ်းကြောင်း တစ်ခုစီကို ဖန်တီးဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ရေထိန်းတံခါးများကိုတည်ဆောက်ထားသည့်ဒေသများမှာ ပင်လယ်ရေငန်နှင့် ဒီရေ အတက်အကျရှိသည့် ဒေသဖြစ်၍ မိုးတွင်း

ကာလရေယာဉ်များ ရေတံခါး ၃ ခုကို ဖြတ်သန်းသွားလာနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့်အတိုင်း ရေလမ်းကြောင်းတစ်ခုစီ ဖန်တီးပေးခြင်းဖြင့် ပင်လယ်ဒီရေနှင့် ဆားငန်ရေများ လယ်မြေများအတွင်းသို့ ဝင်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးကို ထိခိုက်နိုင်ပါတယ်။ ထို့အပြင် ရေလမ်းကြောင်းတွင် ရေယာဉ်ဝင်ထွက်တံခါး (Lock Gate) တည်ဆောက်မည်ဆိုပါက လုပ်ငန်းပမာဏကြီးမားပြီး ကုန်ကျစရိတ်များပြားသည့်အတွက် တည်ဆောက်ရန် မသင့်တော်ပါ။ အဆိုပါဒေသတွင် ယခင်ကာလက လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းအဖြစ် ရေလမ်းခရီးကို အဓိကအသုံးပြုခဲ့သော်လည်း ယခုအခါ ကုန်းလမ်းခရီး တွင်ကျယ်စွာသွားလာနိုင်ပြီဖြစ်သည့်အတွက် ကုန်ကျစရိတ်ကြီးမားသော ရေယာဉ်ဝင်/ထွက်တံခါး (Lock Gate) ထပ်မံတည်ဆောက်၍ ရေလမ်းကြောင်းတစ်ခုစီကို ဖန်တီးဆောင်ရွက်ပေးရန် မသင့်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ တတိယမေးခွန်းကို ဖြေကြားမှာ ဖြစ်ပါ တယ်။ ရေတံခါးများကို ဒေသခံပြည်သူ့အကျိုးအတွက် အချိန်နှင့်တပြေးညီ ဖွင့်/ပိတ် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးကော်မတီတစ်ရပ်မှ ကြီးကြပ်ဆောင်ရွက်ခွင့်ရအောင် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက် ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်းဖြစ်ပါတယ်။ မေးခွန်းနှင့် ပတ်သက်၍ ရေထိန်းတံခါးများ အချိန်နှင့် တပြေးညီ ဖွင့်/ပိတ်ခြင်းကို နှစ်စဉ်မြို့နယ် စိုက်ပျိုးရေးထုတ်လုပ်မှုကဏ္ဍတိုးတက်မြင့်မားရေးအဖွဲ့နှင့် အနီးကပ်ကြီးကြပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ စတုတ္ထမေးခွန်းဖြစ်တဲ့ နိုင်ငံတော်၏ ရည်မှန်းချက်နှင့် လက်တွေ့ဖြစ်ပေါ်နေမှုကို ဆန့်ကျင်ကာ ၁ဝ စုနှစ် တစ်စုခန့်ကြာမြင့် ချိန်အထိ ရေထိန်းတံခါးများအတွင်းနှင့်ပြင်ပတွင် ရေငန်များသာ ဖြစ်ပေါ်နေပြီး မူလရည်မှန်းချက် အတိုင်း ရေချိုသိုလှောင်နိုင်ခြင်းမရှိခြင်း၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ ကုန်စည်စီးဆင်း ရေးတို့အတွက် အနှောင့်အယှက် သဖွယ်ဖြစ်နေသော ကျန်ရေတံခါး ၃ ခုအား အထက်အပိုဒ် (၁)၊ (၂)၊ (၃) ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက ပြန်လည်ဖြုတ်သိမ်းစေရန် နယ်မြေခံလူထုမှ ဆန္ဒပြင်း ပြလျက်ရှိနေသဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ကျန်ရေတံခါး ၃ ခုအား ဖြုတ်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိဆိုသော မေးခွန်းဖြစ်ပါတယ်။ သုံးခွမြို့နယ်တွင် ရေကြီးကွင်း၊ ရေနက်ကွင်းများကို ဖော်ထုတ်ရန်၊ ဆားငန်ရေဝင်ရောက်မှုမှ ကာကွယ်ရန်၊ ဆောင်းသီးနှံများအတွက် လယ်ယာမြေ အစိုဓာတ်ထိန်းသိမ်း စေရန် ကွင်းအတွင်းမှ မိုးရာသီတစ်လျှောက် ရေပိုရေလျှံများ ထုတ်နုတ်နိုင်ရန်တို့အတွက် မော်ဝန်းချောင်းပေါ်တွင် ရေတံခါးကြီးတစ်လုံး တည်ဆောက်ပေးရန် စဉ်းစားကြံဆခဲ့သော်လည်း

မှော်ဝန်းချောင်းကြီးကိုပိတ်၍ ရေထိန်းတံခါးကြီးတစ်လုံး တည်ဆောက်မည်ဆိုပါက စီမံကိန်း ပမာဏနှင့် ကုန်ကျစရိတ်ကြီးမားသဖြင့် ကွင်းများအလိုက် ပိုင်းခြား၍ မှော်ဝန်းချောင်း၏လက်တက် ချောင်းများဖြစ်သော ကဒပွနချောင်းပေါ်တွင် ကဒပွနရေထိန်းတံခါး၊ တကောချောင်းပေါ်တွင် တကောရေထိန်းတံခါးနှင့် နန်ယော ချောင်းပေါ်တွင် သုံးခွရေထိန်းတံခါးစသည်ဖြင့် ရေထိန်းတံခါး ၃ ခုခွဲ၍ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ခဲ့ခြင်းအားဖြင့် မိုးရာသီတစ်လျှောက် ပင်လယ်ဒီရေကျချိန်၌ သုံးခွမြို့နယ်၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကွင်းများမှ ပိုလျှံရေများကို ရေထိန်းတံခါးများမှတစ်ဆင့် ရေထုတ် ပေးခြင်းဖြင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးပြီး ရေတော်၊ မိုးတော်စိုက်ပျိုးနိုင်ခြင်း၊ နွေရာသီတွင် လယ်ယာမြေများသို့ ပင်လယ်ဆားငန်ရေနှင့် ဆားငန်နုန်းများ ဝင်ရောက်ခြင်းကို ကာကွယ် တားဆီးနိုင်ခြင်း၊ ရေထိန်းတံခါး၏ အတွင်းဘက်ရှိ ချောင်းများတိမ်ကောမှုကို ကာကွယ်ပေးနိုင်ခြင်း၊ မိုးနှောင်းကာလတွင် ချောင်းအတွင်း ရေချိုထိန်းသိမ်းပေးထားနိုင်သဖြင့် ဒေသခံ ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေများ ရရှိလာခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် ရေးအတွက် ရေသိုလှောင်ထားနိုင်ခြင်း၊ ဆောင်းသီးနှံများအတွက် လယ်ယာမြေများ အစိုဓာတ်ထိန်း သိမ်းနိုင်ခြင်း၊ ရေတံခါး၏ အတွင်းဘက်တွင် ရေလမ်းခရီးအသုံးပြုနိုင်ခြင်း၊ ရန်ကုန်မြို့တော်ဝန်းကျင် မိုင် ၃၀ စိမ်းလန်းစိုပြေရေး စီမံကိန်းအရ ပဲခူး-စစ်တောင်း တူးမြောင်းမှ ထုတ်လွှတ်ပေးဝေမည့် ဖြည့်တင်းရေများကို ရေထိန်းတံခါးများဖြင့် သိုလှောင်ထိန်းသိမ်း၍ နွေစပါးနှင့် အခြားသီးနှံများ ရေတင်စိုက်ပျိုးနိုင်ခြင်း၊ ရေထိန်းတံခါးများ၏ ကုန်းတွင်းပိုင်းတွင် ရေချိုပုဇွန်နှင့် ရေချိုငါးများ ပေါ်များ လာခြင်း၊ မြို့၊ ရွာ၊ ကျေးလက်နှင့်နီးသဖြင့် ရေထိန်းတံခါး ပတ်ဝန်းကျင်သို့ ပြည်သူလူထု လာရောက် အပန်းဖြေအနားယူနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားလျက်ရှိပါတယ်။ သို့ဖြစ်၍ နိုင်ငံတော်နှင့်ပြည်သူ အကျိုးအတွက် ရည်ရွယ်၍ နိုင်ငံ့ဘဏ္ဍာငွေ အကုန်အကျခံ တည်ဆောက် ထားသော ရေထိန်းတံခါးကို ဖြုတ်သိမ်းရန် အစီအစဉ် မရှိသကဲ့သို့ စဉ်းစားရန်ပင် မပြုသင့်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ နေ့စွဲဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတ ထံ သဝဏ်လွှာပေးပို့ရန်ရှိပါတယ်။ သဝဏ်လွှာပါအကြောင်းအရာမှာ ပြည်ထောင်စုသမ္မတမြန်မာ

နိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပြန်လည်ဖွဲ့စည်းရေးအတွက် အောက်ပါ ပုဂ္ဂိုလ်များရဲ့အမည်စာရင်းအား သဝဏ်လွှာဖြင့်ပေးပို့အပ်ပါသည်။

(၁) ဦးမြသိန်း(BA. Law, LLB, LLM) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊

(၂) ဦးမြသိန်း(BA, BL) တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံထိုးပတ်ဗလစ်၊

(၃) ဦးမြင့်လွင်(BA. Law, LLB, MA. Business Law, DIL, DLM,DBL) တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံထိုးပတ်ဗလစ်

တို့ဖြစ်ပါတယ်။ မိတ္တူကို နာယက၊ ပြည်ထောင်စုလွှတ်တော်၊ ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်တို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဖြစ်သော ၂၃-၁၁-၂၀၁၂ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်းအသိပေးတင်ပြပြီးဖြစ်ပါ တယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သော ၁၁-၁-၂၀၁၃ ရက်နေ့တွင် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာဖတ်ကြားရှင်းလင်းမှုများပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းပေးသွင်းရန်ကြေညာပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်များကို တင်ပြလာတဲ့

ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်သဘောတူပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းအတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့သော ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သော ၂၆-၁၀-၂၀၁၂ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၉-၁-၂၀၁၃ ရက်နေ့တွင် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်ကိုတင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး

ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းအတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်(တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၂း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]